# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 12 January 2023 ၁၀၉၇၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**



### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်း အထင်ကရနေရာများ သွားရောက်လေ့လာ

စာမျက်နှာ » ၃

### မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် အသုံးပြုနည်းသင်တန်းဖွင့်ပွဲ ကျင်းပ

စာမျက်နှာ » ၄

### အဂတိပယ်ခွာ ပြည်သာယာဖို့ 1111 ကို ဖြေကြားစို့

ဆောင်းပါး စာမျက်နှာ » ၆



## ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် ကမ္ဘာ့ဂေဟစနစ် အချက်အချာကျရာ ဖုန်ကန်ရာဇီတွင် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၁

မေခနှင့် မလိခမြစ်တို့ မြစ်ဖျားခံရာ ကချင်ပြည်နယ် မချမ်းဘော၊ ပူတာအိုနှင့် နောင်မွန်မြို့နယ်အတွင်း တည်ရှိသော ကမ္ဘာ့ဂေဟစနစ်အချက်အချာကျသည့် ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆



## ပြည်တွင်းသာမက ပြည်ပဈေးကွက်အထိပါ မှာယူမှုများပြားနေသည့် မက္ကဒေးမီးယား နှစ်ရှည်သီးနှံ စိုက်ပျိုးမှုများပြားလာ

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိပါ မှာယူမှုများပြားနေသည့် မက္ကဒေးမီးယား နှစ်ရှည်သီးနှံစိုက်ပျိုးမှုများပြားလာရာ နိုင်ငံတစ်ဝန်းဒေသအချို့တွင် ယခုဘဏ္ဍာနှစ်အထိ ဧကပေါင်း ၁၂၀၀၀ ကျော် စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MFVP)မှ သိရသည်။

မက္ကဒေးမီးယားသီးနှံ၏ မူရင်းဒေသမှာ ဩစတြေးလျနိုင်ငံဖြစ်ပြီး အပင်မှာ အပင်လတ်၊ အပင်ကြီးများဖြစ်ကာ အမြဲစိမ်းသစ်တောပင်ဖြစ်၍ နှစ်ရှည်ပင်အမျိုးအစားဖြစ်သည်။ အရွယ်ရောက်ပြီးအပင်သည် အမြင့်ပေ ၆၀ နှင့်အထက်ရှိပြီး အကျယ်ပေ ၄၀ ခန့်အထိ ဘေးကိုင်းများဖြာထွက်သည်။

**ပါဝင်**

မက္ကဒေးမီးယား အစေ့ဆန် ၁၀၀ ဂရမ်လျှင် အင်အားဖြစ်စေသော ကယ်လိုရီ ၆၉၁ ပါဝင်ပြီး ရေဓာတ် သုံးရာခိုင်နှုန်း၊ ပရိုတင်းရှစ်ရာခိုင်နှုန်း၊ အဆီဓာတ် ၇၁ ရာခိုင်နှုန်း၊ ကာဘိုဟိုက်ဒရိတ် ၁၆ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ ပြာဓာတ်နှစ်ရာခိုင်နှုန်းနှင့်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

ကြေးမုံ

# ပြည်သူ့ဆန္ဒအလေးထား ဒီမိုကရေစီဖော်ဆောင်

ဒီမိုကရေစီစနစ်သည် အများပြည်သူတို့၏ ဆန္ဒသဘောထားကို အလေးထားသောစနစ်ဖြစ်၍ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြသည်။ နိုင်ငံတစ်နိုင်ငံအား ဦးစီးဦးဆောင်ပြုလုပ်မည့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းများအား မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးရွေးချယ်ထားသည့် ရလဒ်ပေါ်မူတည်၍ နိုင်ငံ့တာဝန်ကို ရယူဆောင်ရွက်ကြသည်။ ဒီမိုကရေစီစနစ်သည် ပြည်သူများကိုယ်စား နိုင်ငံကိုတာဝန်ယူဆောင်ရွက်ရသည်ဖြစ်၍ လျော်ကန်သင့်မြတ်ကောင်းမွန်ပေသည်။

ကမ္ဘာပေါ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံ ရှိသည့်အနက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉၁ နိုင်ငံတွင် ရွေးကောက်ပွဲဖြင့် ဒီမိုကရေစီစနစ်ကို တည်ဆောက်နေကြသည်။ ဒီမိုကရေစီရွေးကောက်ပွဲစနစ်သည် နိုင်ငံတစ်နိုင်ငံအတွက် အခြေခံအကျဆုံး အရေးအကြီးဆုံးနှင့် နိုင်ငံတော်အနာဂတ်ခရီးအတွက် အဆုံးအဖြတ်ပေးမည့်ကဏ္ဍဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်ပြည်သူများက ၎င်းတို့၏ဆန္ဒနှင့်အညီ မဲပေးရွေးချယ်တင်မြှောက်နိုင်ရန် လွှတ်တော်ရွေးကောက်ပွဲများကို လွှတ်တော်သက်တမ်းငါးနှစ်လျှင်တစ်ကြိမ် တစ်နိုင်ငံလုံးတွင် ကျင်းပသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ ဥပဒေ ၁၃ ချက်နှင့်အညီ ဆောင်ရွက်ပေးရသည်ဖြစ်ရာ အဓိကအားဖြင့် ရွေးကောက်ပွဲများ ကျင်းပပေးရန်၊ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးရန်၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာများကို ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးရန်အချက်များကို အလေးထားဆောင်ရွက်ကြရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲမတိုင်မီ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်(နှောင်းပိုင်း) ကာလဟူ၍ ကာလသုံးရပ်စလုံးတွင် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျဆောင်ရွက်ပေးကြရသည်။

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် အဆိုပါကဏ္ဍသုံးရပ်သည် အရေးအကြီးဆုံးလုပ်ငန်းများဖြစ်ပြီး အဆိုပါလုပ်ငန်းများကို အချိန်အခါအလိုက် စနစ်တကျမှန်ကန်စွာဖြင့် ဆောင်ရွက်ပေးနိုင်ပါက စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ရှေးဦးဖော်ဆောင်နိုင်ခြင်းရောက်ပါသည်။ မတူကွဲပြားသည့် မဲဆန္ဒရှင်ပြည်သူအားလုံး၏ဆန္ဒကိုလည်း ဖြည့်ဆည်းပေးရာရောက်ပါသည်။ တိုင်းပြည်၏ ဒီမိုကရေစီအနာဂတ်ခရီးကို လျော်ကန်သင့်မြတ်ကောင်းမွန်စွာဖြင့် ဖြောင့်တန်းစွာလျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လွှတ်တော်သက်တမ်းအလိုက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို သုံးကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ရွေးကောက်ပွဲတွင် အဆိုပါအချက်များကို စနစ်တကျအကောင်အထည်ဖော်ခဲ့သော်လည်း တတိယအကြိမ် ၂၀၂၀ ရွေးကောက်ပွဲတွင် အဆိုပါအချက်များအား ဖောက်ဖျက်ခဲ့ပါသည်။

ရွေးကောက်ပွဲအကြို နိုင်ငံရေးပါတီများ စည်းရုံးလှုပ်ရှားနေသည့်ကာလတွင် အာဏာရနိုင်ငံရေးပါတီကြီးသည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေစည်းကမ်းများကို ဖောက်ဖျက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲစာရင်းများကောက်ယူရာတွင် အချက်အလက်များ မှားယွင်းခဲ့သည်ကို တွေ့ရပြီး မရိုးမသားဆောင်ရွက်ထားမှုများရှိခဲ့သည်။ ရွေးကောက်ပွဲကာလတွင်လည်း မသမာမှုများပြုလုပ်ခဲ့ပြီး ရွေးကောက်ပွဲလွန်(နှောင်းပိုင်း) ကာလတွင်လည်း ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကန့်ကွက်မှုများကို ပွင့်လင်းမြင်သာစွာဖြင့် စစ်ဆေးပေးရန်ပျက်ကွက်ခဲ့သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ဖောက်ဖျက်ပြီး အဓမ္မအာဏာရယူရန်ကြိုးပမ်းခဲ့သဖြင့် စစ်မှန်သည့် ဒီမိုကရေစီစနစ်ကို တည့်မတ်မှန်ကန်စွာ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် အချိုးအကွေ့ဖြစ်ပေါ်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ဖောက်ဖျက်ပြီး မသမာမှုများဖြစ်ပေါ်ခဲ့သည်ကို သင်ခန်းစာယူ၍ လာမည့်ရွေးကောက်ပွဲတွင် တိကျမှန်ကန်စွာဖြင့် စနစ်တကျဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အနာဂတ်အကျိုးစီးပွားအတွက်ဖြစ်သည်။ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အကြီးအကဲပြောကြားခဲ့သည့်အတိုင်း ပြည်သူများအနေဖြင့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ ဖိအားပေးမှုကင်းရှင်းစွာဖြင့် တစ်ဦးချင်းစီ၏ဆန္ဒကို ဖော်ထုတ်မဲပေးနိုင်ရေးနှင့် လာမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲတစ်ခုဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းလက်တွဲဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ခန့်အပ်ရန် သဘောတူညီပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်လ် ခမ်ချောင်ဒရီ နေရာတွင် မစ္စတာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မိုဟာမက် မွန်(န)ဝါ ဟူစိန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရာ့ဂျ်ရှာဟီမြို့ (Rajshahi)၌ ၁၉၇၀ ပြည့်နှစ်၊ မတ်လ ၁၀ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းဆေးပညာကောလိပ်မှ ဆေးပညာဘွဲ့ကို လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၊ လန်ဒန်တက္ကသိုလ်မှ ကျန်းမာရေး မူဝါဒ၊ စီမံကိန်းရေးဆွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ မဟာသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် စင်ကာပူနိုင်ငံ၊ နန်ယန်း နည်းပညာတက္ကသိုလ်မှ ပြည်သူ့ကျန်းမာရေးမြှင့်တင်ရေး ဆက်သွယ်မှုဆိုင်ရာ ပါရဂူဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၂၀၀၁ ခုနှစ်မှစတင်၍ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၁ ခုနှစ်၊ မေလမှ ၂၀၀၅ခုနှစ်၊ မေလအထိ လက်ထောက်အတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လမှ ၂၀၀၈ခုနှစ်၊ မေလအထိ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးတွင် ဒုတိယအတွင်းဝန်/ ပထမအတွင်းဝန်အဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်၊ ဇွန်လမှ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လအထိ စင်ကာပူနိုင်ငံရှိ ဘင်္ဂလားဒေ့ရှ်မဟာမင်းကြီးရုံးတွင် ပထမအတွင်းဝန်/ သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဇွန်လမှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအထိ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ မိုဟာမက် မွန်(န)ဝါ ဟူစိန်သည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလမှ လက်ရှိအချိန်အထိ နယူးယောက်မြို့ရှိကုလသမဂ္ဂဆိုင်ရာ ဘင်္ဂလားဒေ့ရှ် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် ဒုတိယ အမြဲတမ်းကိုယ်စားလှယ်/ သံအမတ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားတစ်ဦးရှိသည်။

# မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၁

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁ - ၁ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၈၂၀ | ၇,၀၅၂,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၅၁၁ | ၁,၆၈၆,၇၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၀ | ၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၆၅၀ | ၁၇၄ | ၄၅၂,၄၅၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၂၇၇ | ၇၂၀,၂၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၀၀ | ၉၈၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၅၆.၅ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၁၀.၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၃.၀၃၅ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၈၀.၄၄ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၃၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၅၂.၅ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၇.၆ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၅.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၈.၄၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်း အထင်ကရနေရာများ သွားရောက်လေ့လာ

# ကချင်တိုင်းရင်းသားတို့၏ အနုပညာလုပ်ငန်း တိုးတက်အောင်မြင်စေရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဇန်နဝါရီ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့ နံနက် ၈ နာရီခွဲတွင် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြပြီး ကချင်အနုပညာရှင်အသင်းချုပ် ဗဟိုကော်မတီရုံး၌ ကချင်တိုင်းရင်းသားတို့၏ အနုပညာလုပ်ငန်းများ တိုးတက်အောင်မြင်လာစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

**အလှူငွေများ ဆက်ကပ်**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးဇော်အေးမောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ကမ်းဘေး ရွှေမိုးတောင်ပေါ်ရှိ ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကြပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်၍ ဌေ့သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြကာ စေတီတော်ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်း ဧရာဝတီမြစ်ကမ်းဘေးရှိ ကရိန်နော် အပန်းဖြေရိပ်သာသို့ သွားရောက်ပြီး အပန်းဖြေရိပ်သာအတွင်း အပန်းဖြေရိပ်သာ ထူထောင်ခဲ့သူ ဒူဝါကရိန်နော်၏ မှတ်တမ်းဓာတ်ပုံများနှင့် အပန်းဖြေရိပ်သာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထို့နောက် မြစ်ကြီးနားတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တက္ကသိုလ် သန့်ရှင်းသာယာလှပမှု၊ မိန်းလမ်းမကြီးတစ်လျှောက် လမ်းလယ်ကျွန်းများတွင် ပန်းပင်များ စိုက်ပျိုးထားရှိမှုနှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ ဘော်လီဘော၊ ဖူဆယ်ဘောလုံး အားကစားနည်းများ လေ့ကျင့်ကစားနိုင်ရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ကူညီဖြည့်ဆည်းပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းသို့ သွားရောက်ပြီး မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး မနောအိမ်တော်ရှေ့နှင့် မနောကွင်းအတွင်း၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



**ဖူးမြော်ကြည်ညို**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ ရဟန္တာတစ်ထောင်ရှင်ပင်မြတ်စွာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။



**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ မနောကွင်းအတွင်း၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ အဆိုပါမနောကွင်းအတွင်းရှိ ကချင်အနုပညာရှင်များအသင်းချုပ် ဗဟိုကော်မတီရုံးသို့ သွားရောက်ပြီး ကချင်အနုပညာရှင်များအသင်း ဥက္ကဋ္ဌ ဒါရိုက်တာ JZ ဒေါင်လွမ်း၊ အသင်းရုံးတာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး မိတ်ဆက်တွေ့ဆုံကာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကချင်ပြည်နယ်၏ သဘာဝပတ်ဝန်းကျင် အလှအပများ၊ တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများနှင့် ပြည်နယ်၏ ဂုဏ်ကိုဖော်ကျူးသည့် ဇာတ်လမ်းများ ရိုက်ကူးထုတ်လုပ်နိုင်ရေး၊ မျိုးဆက်သစ်တိုင်းရင်းသား အနုပညာရှင်များ မွေးထုတ်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆွေးနွေးကြကာ အသင်းအတွက် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကချင်အနုပညာရှင်များအသင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**ပြန်လည်ထွက်ခွာ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စု ဝန်ကြီးများသည် တပ်မတော်အထူးလေယာဉ်ဖြင့် နန်ပေါင်လေဆိပ်မှ ပြန်လည်ထွက်ခွာရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက လိုက်ပါနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

# မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ် အသုံးပြုနည်းသင်တန်းဖွင့်ပွဲ ကျင်းပ






နေပြည်တော် ဇန်နဝါရီ ၁၁

မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ် အသုံးပြုနည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် စစ်ကြောရေးနှင့် တည်းခိုရေးတပ် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

**အလေးထားဆောင်ရွက်လျက်ရှိ**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ယနေ့သင်တန်းတွင် ပို့ချပေးမည့် Software နှစ်မျိုးသည် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အဓိကကိုင်တွယ်အသုံးပြုရမည့် Software များဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စပ်လျဉ်း၍ “မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကိုပြုစုရာတွင် ကော်မရှင်က သတ်မှတ်သည့် လူဦးရေစာရင်းပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးတို့က ပြုစုထားသည့် လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုရမည်”ဟု လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၌ ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကစတင်ပြီး သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များအရ စာရင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက်ပြုစုထားသည့် လူဦးရေစာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း (ရှေ့ပြေးစီမံချက်)ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း။

**Cross–Check စိစစ်ခြင်းကို ဆောင်ရွက်ခဲ့**

ရှေ့ပြေးစီမံချက်အရ ပြုစုပြီးသည့် မြို့နယ်အလိုက် လူဦးရေစာရင်းများကို ကနဦးမဲဆန္ဒရှင်စာရင်းများစိစစ်ခြင်းစနစ်(IVLS)ဖြင့် စိစစ်ခဲ့ပါကြောင်း၊ စိစစ်တွေ့ရှိချက်များကို သက်ဆိုင်ရာ လဝက/ထွေအုပ်သို့ ပေးပို့၍ လစဉ်လူဦးရေအတိုး/အလျော့စာရင်းပြုစုခြင်း၊ အချက်အလက်များ ပြင်ဆင်/ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ လစဉ်လူဦးရေအတိုး/အလျော့စာရင်းအနက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ ပြုစုထားသည့် လူဦးရေစာရင်းအပေါ်အခြေခံပြီး Cross–Check စိစစ်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ စိစစ်တွေ့ရှိသည့် အကြိမ်ထပ်စာရင်းများကို သက်ဆိုင်ရာလဝက/ထွေအုပ်တို့နှင့် ညှိနှိုင်းပူးပေါင်း၍ လူဦးရေစာရင်းများမှန်ကန်စေရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ပြီးသည့်စာရင်းများအား ယခုသင်ကြားပို့ချမည့် မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ်များဖြစ်သည့် ADMIN နှင့် DEO Software များအတွင်း ထည့်သွင်း၍ မဲဆန္ဒရှင်စာရင်းများ ပြုစုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ADMIN Software တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဗဟိုအဆင့်မဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ်မှ မိမိမြို့နယ်နှင့်သက်ဆိုင်သည့် အချက်အလက်များရယူ၍ မိမိမြို့နယ် ADMIN Software အတွင်းသို့ တင်သွင်းခြင်း၊ ADMIN Software မှ သတ်မှတ်ဖိုင်များနှင့် မဲရုံ အချက်အလက် ဖိုင်များထုတ်ယူ၍ ဗဟိုအဆင့်စနစ်နှင့် DEO Software အတွင်းသို့ တင်သွင်းခြင်း၊ DEO များက DEO Software အတွင်း ဆောင်ရွက်ပြီး ရရှိလာသည့် ရပ်ကွက်/ကျေးရွာအုပ်စု မဲရုံအလိုက်စာရင်းဖိုင်များကို ADMIN Software တွင် ပြန်လည်စုစည်းခြင်း၊ မိမိမြို့နယ်အတွင်း မဲစာရင်းထပ်/မထပ်စစ်ဆေးခြင်း၊ ADMIN Software မှ မဲစာရင်းပုံစံများ ပြန်လည်ထုတ်ယူခြင်း၊ ဗဟိုအဆင့်မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်သို့ စာရင်းများ ပြန်လည်တင်သွင်းခြင်း အစရှိသည့် လုပ်ဆောင်ချက်များပါဝင်မည်ဖြစ်ကြောင်း။

**ပိုမိုလွယ်ကူ မြန်ဆန်စေမည်**

DEO Software တွင် ADMIN Software က သတ်မှတ်ထုတ်ပေးထားသည့် ဖိုင်များကို Software အတွင်းသို့တင်သွင်းခြင်း၊ လူဦးရေစာရင်းများတင်သွင်းခြင်း၊ မဲရုံအလိုက် လူဦးရေစာရင်းများ ခွဲဝေသတ်မှတ်ခြင်း၊ မဲဆန္ဒရှင်အမျိုးအစားများ သတ်မှတ်ခြင်း၊ ပုံစံများရေးသွင်းခြင်း၊ မိမိတင်သွင်းထားသည့် အချက်အလက်များ ထပ်/မထပ်စစ်ဆေးခြင်း၊ DEO Software ဖြင့် ဆောင်ရွက်ပြီးသည့် မဲစာရင်းများကို ADMIN Software သို့ တင်သွင်းခြင်းအစရှိသည့် လုပ်ဆောင်ချက်များပါဝင်မည်ဖြစ်ကြောင်း၊ မြို့နယ်အဆင့်မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်သည် မဲစာရင်းပြုစုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ရေးဆွဲထားခြင်းဖြစ်ပြီး ဗဟိုအဆင့်၊ ADMIN နှင့် DEO Software များအကြား အပြန်အလှန် ချိတ်ဆက်အသုံးပြုရသည့် စနစ်ဖြစ်ပါကြောင်း၊ ယခု Software များအသုံးပြုခြင်းအားဖြင့် မဲစာရင်းပြုစုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူမြန်ဆန်စေမည်ဖြစ်သည့်အပြင် မဲစာရင်းများ တိကျမှန်ကန်စေသည့် အကျိုးကျေးဇူးများစွာ ရရှိမည်ဖြစ်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ အထောက်အထားသက်သေခံကတ်ပြားတစ်ခုခု ကိုင်ဆောင်ထားသူဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာမဲဆန္ဒနယ်၏မဲစာရင်း၌ ပါဝင်မှသာ မဲပေးပိုင်ခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ ထို့အတွက်ကြောင့် မဲဆန္ဒရှင်များသည် သက်ဆိုင်ရာ မဲဆန္ဒနယ်များ၌ ပုံစံ(၆၆/၆)ရှိရမည်ဖြစ်ကြောင်း၊ သို့မှသာ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်မည်ဖြစ်ပါကြောင်း၊ မဲစာရင်းပြုစုရာတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်အတွင်း နေထိုင်ကြောင်း၊ အိမ်ထောင်စုဇယားပုံစံ(၆၆/၆)တွင် ပါဝင်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် စာရင်းအမှန်အတိုင်းဖြစ်ရန်လိုကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များဖွဲ့စည်း၍ လူဦးရေစာရင်းများ မှန်ကန်စွာရရှိရေးအတွက် မဲဆန္ဒရှင်ပြည်သူများကို အသိပညာပေးဆွေးနွေးပွဲများပြုလုပ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲဆန္ဒရှင်စာရင်းများပြုစုရာတွင် ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်လိုသကဲ့သို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များမကျန်ရှိစေရေး စနစ်တကျ စိစစ်ဆောင်ရွက်ရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် ယနေ့သင်ကြားပို့ချမည့် မြို့နယ်အဆင့် မဲဆန္ဒရှင်စာရင်း စီမံခန့်ခွဲမှုစနစ်များဖြစ်သည့် ADMIN နှင့် DEO Software နှစ်မျိုးကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်ရန် လိုအပ်သည့်အတွက် သင်တန်းပို့ချချက်များအပေါ် ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် လေ့လာသင်ယူသွားကြရန် ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ ၁၅၀ တက်ရောက်ကြပြီး သင်တန်းကို ယနေ့မှ ဇန်နဝါရီ ၁၄ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် သင်ခန်းစာပို့ချမှုအစီအစဉ်များ ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၁၁

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၆)နှင့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၉) တို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းက ယနေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍဘာသာရပ်ကို သင်ကြားပို့ချခဲ့သည်။

ထို့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး (Edutainment) အစီအစဉ်အဖြစ် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁၇)အခြေခံပညာ အထက်တန်းကျောင်း၌ မူလတန်းနှင့် အလယ်တန်း အဆင့် ကျောင်းသား ကျောင်းသူများကို ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာများကို ဆွေးနွေးပို့ချခဲ့သည်။

ယင်းနေ့၌ပင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ဖွဲ့စည်းထားရှိသည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ကို CPU ၏ လုပ်ငန်းတာဝန်များ၊ တည်မြဲလုပ်ထုံးလုပ်နည်း (Standing Operating Procedure – SOP)၊ လုပ်ငန်းလမ်းညွှန်(Terms of Reference–TOR) ရေးဆွဲခြင်း၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment–CRA)၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP)တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး PFP အသုံးပြုဆောင်ရွက်နိုင်ရေး လက်တွေ့လေ့ကျင့်ခြင်း နည်းပညာသင်တန်း ပို့ချဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ချောင်းသာမြို့၌ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

ချောင်းသာ ဇန်နဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့တွင် ပြည်သူများလျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ယနေ့နံနက် ၈ နာရီက ချောင်းသာမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးဥက္ကာကျော်နှင့် ဝန်ထမ်းများက ၁၁/သုည ဒသမ ၄ ကေဗွီ ထရန်စဖော်မာများ၏ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ၏ ကြံ့ခိုင်မှုများ စစ်ဆေးခြင်း၊ ချောင်းသာမြို့ ဥတုကျေးရွာ၌ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများ ခုတ်ထွင်ခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ချောင်းသာ(ပြန်/ဆက်)

# ကျန်းမာရေးနှင့် အလှအပဆိုင်ရာ စီးပွားရေး နှီးနှောဖလှယ်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဟု ယုံကြည်

နေပြည်တော် ဇန်နဝါရီ ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် နိုဗိုတယ်ရန်ကုန်မက်စ်ဟိုတယ်၌ ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးမြှင့်တင်မှုဌာနက စီစဉ်ကျင်းပသော ကျန်းမာရေးနှင့် အလှအပဆိုင်ရာ စီးပွားရေးနှီးနှောဖလှယ်ပွဲ (၂၀၂၃) သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဦးစွာ ထိုင်းနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူးကြီး ဒေါက်တာသာနာဝပ်နာဂိုဝတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။




### ကုမ္ပဏီပေါင်း ၂၆ ခု တက်ရောက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသို့ ထိုင်းနိုင်ငံမှ ဆေးရုံများအပါအဝင် ကုမ္ပဏီပေါင်း ၂၆ ခု တက်ရောက်သည်ဟု သိရှိရပါကြောင်း၊ **ကျန်းမာရေးနှင့် အလှအပဆိုင်ရာ စီးပွားရေး နှီးနှောဖလှယ်ပွဲမှတစ်ဆင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊**

ယနေ့ကျင်းပသည့် ကျန်းမာရေးနှင့် အလှအပဆိုင်ရာ စီးပွားရေးနှီးနှောဖလှယ်ပွဲသည် စီးပွားရေးကဏ္ဍအတွက်သာမက ခရီးသွားကဏ္ဍအတွက်ပါ အကျိုးရှိပြီး နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတို့တွင်လည်း ပိုမိုရင်းနှီးစွာ လက်တွဲဆောင်ရွက်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း ဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်နှင့် မြန်မာနိုင်ငံ အလှကုန်အသင်းမှဥက္ကဋ္ဌ ဒေါက်တာဆုလှဟန်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် အမှာစကားပြောကြားသူများကို ထိုင်းနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူးကြီး ဒေါက်တာသာနာဝပ်နာဂိုဝတ်က အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်၊ ထိုင်းနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူးကြီး ဒေါက်တာသာနာဝပ်နာဂိုဝတ်၊ တာဝန်ရှိသူများနှင့်အတူ ကျန်းမာရေးနှင့် အလှအပဆိုင်ရာ စီးပွားရေးနှီးနှောဖလှယ်ပွဲ (၂၀၂၃) အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြကာ ပြခန်းများ ခင်းကျင်းပြသထားမှုကို လိုက်လံကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းလျားကန်ဟိုတယ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏ အားပေးဆောင်ရွက်နေမှု၊ နိုင်ငံတကာ ခရီးသွားပြပွဲများနှင့် ခရီးသွားဈေးကွက်အသစ်များ ရရှိရေးဆောင်ရွက်နေမှု၊ တရုတ်နှင့် ရုရှားနိုင်ငံတို့မှ ခရီးသည်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ကိုဗစ်ကာလတွင် နိုင်ငံတော်မှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအတွက် ဖြေလျှော့ပေးခဲ့မှုများနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်၍ ဟိုတယ်များအနေဖြင့် နိုင်ငံတော်သို့ ပေးသွင်းရန်ရှိသည့် ငှားရမ်းခများနှင့် အခွန်အခများကို ပြည့်ဝစွာ ပေးသွင်းနိုင်ရေးကိစ္စ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များအနေဖြင့် ပြည်တွင်းဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ ရွှေဖုံးမှ

ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရေခဲတောင် တောရိုင်းတိရစ္ဆာန်များ၊ ဌာနေငှက်များ၊ ရေခဲငါးများ၊ ဆေးဖက်ဝင်အပင်နှင့်ဥများ၊ သစ်ခွမျိုးစုံနှင့် ခရီးတစ်တောက် ဝင်ရောက်နားခိုလေ့ရှိသည့် ဆောင်းခိုငှက်တို့ဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်လျက်ရှိရာ အာဆီယံနိုင်ငံများအကြား၌ ဂေဟာစနစ်တွင် အရေးပါသော ရေခဲတောင်ဒေသ တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် တစ်ဆက်တည်း တည်ရှိနေသော ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကမ္ဘာ့ရှားပါး ရေပျော်ငှက်ဖြစ်သည့် ကြိုးကြာခေါင်းမည်းဆောင်းခိုငှက်များ ၁၅ ရက်မှ တစ်လခန့် နားခိုလေ့ရှိကာ အစာရေစာဖြည့်တင်းပြီးပါက မြန်မာနိုင်ငံအတွင်းရှိ ဟူးကောင်းချိုင့်ဝှမ်း၊ အင်းတော်ကြီးအိုင်၊ အင်းလေးအိုင်၊ မိုးယွန်းကြီးအင်းနှင့် အခြားသောသဘာဝအင်းများ၌ ဆက်လက်ဆောင်းခိုကြလေ့ရှိပြီး မတ်လနှင့် ဧပြီလတို့တွင် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ တစ်ဖန်ပြန်လည်နားခို၍ ကမ္ဘာ့မြောက်ဝင်ရိုးစွန်းနှင့် မွန်ဂိုလီးယားသို့ ပျံသန်းကြလေ့ရှိကြောင်း သိရသည်။

### ရေရှည်တည်တံ့နိုင်စေရန်

ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့နိုင်စေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းအင်အားနည်းပါးခြင်းနှင့် ဘတ်ဂျက်လိုအပ်ချက်ကြောင့် တောရိုင်းတိရစ္ဆာန်များ နေရင်းဒေသပြန်လည်တည်ထောင်ခြင်း စီမံချက်လုပ်ငန်းများ လုပ်ဆောင်ရာ၌ အခက်အခဲများရှိနေကြောင်း သိရသည်။ ဘေးမဲ့တောကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာ၌ ဒေသခံများကို အသိပညာပေးခြင်း၊ ကင်းလှည့်



ဟိမဝန္တာရစ်[(Himalayan Monal(Male)]

ထိန်းသိမ်းခြင်း၊ အကောင်နှင့် ငှက်စာရင်း ပုံမှန်ကောက်ယူခြင်း၊ နို့တိုက်သတ္တဝါနှင့် ရေခဲငါးစာရင်း ကောက်ယူခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဆေးဖက်ဝင်အပင်များနှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးလုပ်ငန်းများကို ပုံမှန်လုပ်ဆောင်နိုင်ခြင်းဖြင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကြီးနှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေရှည်ဖွံ့ဖြိုးမှုအသီးအပွင့်ကို သားစဉ်မြေးဆက် ခံစားရရှိစေမည်ဖြစ်သည်။

"ဆောင်းခိုငှက်တွေ ဖုန်ကန်ရာဇီဘေးမဲ့တောမှာ မရှိတော့ပါဘူး။ မြန်မာပြည်အတွင်းက အင်း၊ အိုင်တွေမှာ ဝင်နားနေကြပါပြီ။ ဒီမှာ သားမင်း၊ အင်းကျား၊ တောင်ဆိတ်နီ၊ ပန်ဒါနီ၊ ဟိမဝန္တာဝက်ဝံ၊ မျောက်လွှဲကျော်မျက်ခုံးဖြူ၊ ငှက်ဝမ်းဗိုက်ဖြူ၊ မိုနာရစ်နဲ့ ငဟစ်ဝမ်းဗိုက်ဖြူ တို့ဆိုရင် ရှားပါးတိရစ္ဆာန်တွေပါ။ အောင်းလောင်းနဲ့ အောက်ချင်းငှက်ဆိုတာ တောကောင်းမှနားခိုတဲ့အတွက် ဖုန်ကန်ရာဇီဘေးမဲ့တောရဲ့ သဘာဝအနေအထားကို ခန့်မှန်းလို့ရပါတယ်။ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းကို ရှိတဲ့ဝန်ထမ်းအင်အားနဲ့ ဆောင်ရွက်နေပါတယ်။ ဘေးမဲ့တောကြီး ရေရှည်တည်တံ့ဖို့ဆိုတာ ဒေသခံတွေရဲ့ပူးပေါင်းပါဝင်မှုအပေါ်မှာမူတည်ပြီး သားစဉ်မြေးဆက် ဝိုင်းဝန်းထိန်းသိမ်းသွားမယ်ဆိုရင် ဖုန်ကန်ရာဇီဘေးမဲ့တောဟာ အစဉ်လှပရှင်သန်နေမှာပါ" ဟု ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးသိန်းဌေးက ပြောသည်။

ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၃၆ မျိုး၊ ငှက်မျိုးစိတ် ၃၇၀ ၊ လိပ်ပြာမျိုးစိတ် ၃၆၀၊ ကုန်းနေရေနေနှင့်တွားသွားသတ္တဝါ ၈၂ မျိုးနှင့် ဒေသငါးမျိုးစိတ် ၄၂ မျိုးတို့ရှိပြီး ရုက္ခနှင့် ဇီဝထိန်းသိမ်းခြင်းနှင့် သုတေသနလုပ်ဆောင်မှုတို့တွင် အမေရိကန်၊ တောင်ကိုရီးယား၊ နီပေါနိုင်ငံတို့မှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၂၀ ခုနှစ် နောက်ပိုင်းတွင် ကမ္ဘာ့ကပ်ရောဂါကြောင့် လုပ်ငန်းများ ယာယီရပ်နားခဲ့သည်။ ရေခဲဖုံးလွှမ်းရာဒေသဖြစ်သောကြောင့် နီပေါနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသထိန်းသိမ်းရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ကမ္ဘာ့ရာသီဥတုအပြောင်းအလဲနှင့် တောရိုင်းတိရစ္ဆာန်၊ ငှက်နှင့်အပင်တို့၏ ဗီဇပြောင်းလဲမှုတို့တွင် သုတေသနလုပ်ငန်းအတွက် များစွာအထောက်အကူဖြစ်ခဲ့ကြောင်း သိရသည်။

မြန်မာပြည်မြောက်ဖျားတွင် နိုင်ငံအတွက် ဂုဏ်ယူဖွယ်တည်ရှိနေသော ဖုန်ကန်ရာဇီ ဘေးမဲ့တောနှင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်သို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုဝင်ရောက်ပါက ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးမှုဖြင့် ဒေသခံတို့၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပြီး ရေခဲတောင်အလှကြွယ်ချိန်ဖြစ်သောကြောင့် ပူတာအိုမြို့ပေါ်၌ ပြည်တွင်းတောင်တက်အဖွဲ့များ၊ ပြည်တွင်းခရီးသွားများ ဝင်ရောက်လျက်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ- ကနူး**

---

❖ ပြည်တွင်းမှ

ထုံးခတ်၊ ဖော့စဖိတ်ခတ်၊ သံခတ်၊ ပိုတက်ဆီယမ်ခတ် အနည်းငယ်စီပါဝင်ကာ သိုင်ရာမင်း၊ ရိုင်ဗိုဖလေဗင်နှင့် နိုင်ရာဆင်ဓာတ်များပါဝင်ကြောင်း သိရသည်။

"မက္ကာဒေးမီးယားသီးနှံဟာဆိုရင် ဥရောပနိုင်ငံတွေမှာ ဈေးကွက်ချိတ်ဆက်မှုအများကြီးရတယ်ဆိုပေမယ့် ကျွန်တော်တို့ဆီမှာ နည်းပညာတော့ လိုအပ်နေသေးပါတယ်။ ကျွန်တော်တို့နိုင်ငံကသီးနှံနဲ့သူတို့နိုင်ငံက သီးနှံနဲ့ ယှဉ်လိုက်မယ်ဆိုလို့ရှိရင် သူတို့ဆီက မက္ကာဒေးမီးယားက အခွံချွတ်ထားပြီး ခွဲလိုက်လို့ရှိရင် အခြမ်းလေးက နှစ်ခြမ်းပဲ၊ အလုံးလေးတွေကလည်း ညီနေတယ်။ ကျွန်တော်တို့ဆီမှာက ပဲစေ့၊ နှမ်းစေ့လောက်လေးကနေ စပြီးတော့မှ အကြီးကြီးထိ မညီမညာနဲ့ ရှိတာပါ။ တကယ်တမ်းက Export လုပ်ဖို့ ရည်ရွယ်တယ်ဆိုလို့ရှိရင် ထွက်တာကတော့ အသီးက ညီတယ်လို့ပြောလို့မရဘူး။ ဒါတွေကို ပြန်လုပ်ရမှာပါ။ စားကြည့်ရင်တော့ အရသာက ရှိတယ်။ ဝယ်လက်တွေကလည်း ကုတ်ဒေးရှင်း ပို့ပေးပါဆိုပြီးတော့ ပြောတာတွေရှိတယ်"ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MFVP) ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက ရှင်းပြသည်။

မက္ကာဒေးမီးယားနှစ်ရှည်သီးနှံမှာ အသီးမှတစ်ဆင့် အစေ့အဆန်ထုတ်ယူရသည့် အပင်မျိုးဖြစ်ပြီး လူသိနည်းကာ ဝင်ငွေကောင်းမွန်၍ ကျန်းမာရေးအတွက် အကျိုးပြုသည့်သီးနှံမျိုးသစ်ဖြစ်ကြောင်း၊ လက်ရှိပြည်တွင်း၌ ရေမြေဒေသနှင့် သင့်လျော်သည့် ဒေသများတွင် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သတင်း- ပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**

---

## အလုံမြို့နယ်၌ လူဦးရေစာရင်းပြည့်စုံမှန်ကန်စေရေး စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ လူဦးရေစာရင်းမှန်ကန်ရေးအတွက် Working Group အဖွဲ့ဝင်များက မြေပြင်ကွင်းဆင်း တစ်အိမ်တက်ဆင်း စာရင်းကောက်ယူရေးလုပ်ငန်းများကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၁ ရပ်ကွက်၌ တစ်ချိန်တည်း စတင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်/ ကျေးစာရေးများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အရန်မီးသတ်၊ ကြက်ခြေနီ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်းပါဝင်သည့် စာရင်းကောက်ယူရေးအဖွဲ့များက သတ်မှတ်စာရင်းပုံစံများဖြင့် ကောက်ယူလျက်ရှိသည်။

**မောင်မောင်(လျှပ်စစ်)**

# အဂတိပယ်ခွာ ပြည်သာယာဖို့ 1111 ကို ဖြေကြားစို့

**လင်းလက်**

### မဖြစ်ခင်က ကြိုတင်ကာကွယ်

**“အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်း ဆိုးရွားစွာအတွင်းလိုက်စားသော ကူးစက်ပျံ့နှံ့သည့် ကပ်ရောဂါတစ်ခုဖြစ်သည်”** ဟု ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းတွင် ဖော်ပြထားသည်။ ရောဂါဆိုသည်မှာ မဖြစ်ခင် ကြိုတင်ကာကွယ်ရမည်ဖြစ်သဖြင့် အဖွဲ့ဝင်နိုင်ငံတိုင်းအနေဖြင့် **“အဂတိလိုက်စားမှုကို တားဆီးကာကွယ်ရန် ထိရောက်သည့် လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များကို ချမှတ်ရမည်”** ဟု ကွန်ဗင်းရှင်း အခန်း (၂) အပိုဒ် ၅၊ အပိုဒ်ခွဲ (၂) တွင် တိုက်တွန်းထားသည်။

မြန်မာနိုင်ငံသည် ၂၀-၁၂-၂၀၁၂ ရက်နေ့တွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ကွန်ဗင်းရှင်းအဖွဲ့ဝင်ဖြစ်လာပြီးနောက်ပိုင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်ခဲ့သည်။ ၇-၈-၂၀၁၃ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၅-၂-၂၀၁၄ ရက်နေ့တွင် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၄-၈-၂၀၁၄ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲခဲ့သည်။

### CPU ဖွဲ့စည်းခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွင် တားဆီးကာကွယ်ခြင်းသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင်လည်း ၂၁-၆-၂၀၁၈ ရက်နေ့တွင် စတုတ္ထအကြိမ် ပြင်ဆင်ခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ (ဈ) တွင် “အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများကို အကြံဉာဏ်ပေးခြင်း” ပြဋ္ဌာန်းချက်ကို အစားထိုးကာ ပုဒ်မ ၁၆ (ည) တွင် “အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို အခြေခံပညာမူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း” ကို ဖြည့်စွက်ပြဋ္ဌာန်းပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ခဲ့သည်။ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၉ ခုနှစ် မတ်လတွင် ရှေ့ပြေးစီမံကိန်းအဖြစ် ဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၄ ခုတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ယခုအခါ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းအားလုံးတွင် CPU အဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

ပြည်သူတစ်ဦးချင်းအပေါ်သို့ တိုက်ရိုက်သက်ရောက်နေသော ဖိစီးမှုများဖြစ်ပေါ်သည့် အသေးစား အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေရန်နှင့် နိုင်ငံတော်အစိုးရက ပြည်သူလူထု၏လိုအပ်ချက်နှင့်အညီ လုပ်ဆောင်ပေးနေသောဝန်ဆောင်မှုများကို ပြည်သူလူထုထံသို့ ပိုမိုပြည့်စုံကောင်းမွန်စွာဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့သော CPU အဖွဲ့များ၏ အဓိကလုပ်ငန်းတာဝန်သုံးရပ်မှာ (က) ဌာနအလိုက် အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊ (ခ) တွေ့ရှိရသောပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် (ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေး တားမြစ်ထိန်းချုပ်နိုင်ရန်တို့ ဖြစ်သည်။

### အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်

ကော်မရှင်အနေဖြင့် CPU အဖွဲ့များ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နည်းပညာဆိုင်ရာ အကူအညီများကို သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပခဲ့သည့် CPU အဖွဲ့များအတွက် နည်းပညာဆိုင်ရာ သင်တန်းအမှတ်စဉ် ၂/၂၀၁၉ တွင် CPU များအတွက် လုပ်ငန်းအစီအစဉ်ခြောက်ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်။

> **သက်ဆိုင်ရာ ရုံး/ဌာနများအနေဖြင့်လည်း ပြည်သူလူထု၏ တုံ့ပြန်အကြံပြုချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန အကြီးအကဲထံတင်ပြကာ ဖြေရှင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြည်သူများ၏ တယ်လီဖုန်းများထံသို့ တိုက်ရိုက်ဆက်သွယ်၍ ဖြေရှင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့်လည်း အခွင့်အရေးတစ်ရပ်အနေဖြင့် မိမိတို့၏ အခက်အခဲများကို ချပြနိုင်မည်ဖြစ်ခြင်းကြောင့် 1111 ဖြင့် ပေးပို့မေးမြန်းလာသောမေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားသင့်**

လုပ်ငန်းအစီအစဉ် ခြောက်ရပ်တွင် CPU များအနေဖြင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲထားရန်၊ တည်မြဲလုပ်ထုံးလုပ်နည်းများ ရေးဆွဲထားရန်၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်းကို ဆောင်ရွက်ရန်၊ ကျင့်ဝတ်ရေးဆွဲထားခြင်းမရှိသောစီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်ခြင်းမပြုရန်၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရန် စသည့် လုပ်ငန်းတာဝန်များအပြင် ဆဋ္ဌမမြောက်အချက်တွင် “ပြည်ထောင်စုဝန်ကြီးများ၏ လမ်းညွှန်မှုကိုခံယူလျက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) များသည် အောက်ခြေရုံးဌာနခွဲများတွင် ဝန်ဆောင်မှုရယူကြသော ပြည်သူတစ်ဦးချင်းထံသို့ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) အစီအစဉ်ကို အသုံးပြု၍ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြီး အသေးစား အဂတိလိုက်စားမှုများမဖြစ်စေရေး တားဆီးကာကွယ်ရေးစနစ်ကို ထိရောက်စွာအသုံးပြုသွားရန်” ဆိုသည့်အချက် ပါဝင်သည်။

### ပြည်သူထံမှ တုံ့ပြန်မှုရယူရန် ဆောင်ရွက်ခဲ့

ကော်မရှင်အနေဖြင့် အဆိုပါအချက်ကို အကောင်အထည်ဖော်ရန် အောက်ခြေရုံးဌာနခွဲများသို့ ဝန်ဆောင်မှုလာရောက်ရယူသော ပြည်သူများ၏ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ထားရှိသည့် သဘောထားကို သိရှိရန် အမှန်တကယ်ဝန်ဆောင်မှုရယူသည့် ပြည်သူတစ်ဦးချင်း၏ တယ်လီဖုန်းများသို့ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းကာ တုံ့ပြန်မှုရယူနိုင်ရန် တားဆီးကာကွယ်ရေး လက်သုံးကိရိယာတစ်ခုအဖြစ် CPU Toolkit လုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှစ၍ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၀ ခုတွင် စတင်စမ်းသပ် အသုံးပြုခဲ့သည်။ CPU Toolkit လုပ်ငန်းစဉ်သည် အမှန်စင်စစ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့် ဆောင်ရွက်ချက်အပေါ် ပြည်သူလူထု၏သဘောထားရယူခြင်းဖြစ်သဖြင့် ပိုမိုသင့်လျော်သည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) အဖြစ် အမည်ပြောင်းလဲသုံးစွဲခဲ့သည်။ ထို့အပြင် စတင်အသုံးပြုစဉ်က PFP Web Portal မှတစ်ဆင့် Ooredoo API ၏ Long Code ဖြင့် Bulk Message ပေးပို့ခြင်းဖြင့် ဆောင်ရွက်ခဲ့သည်။ Long Code သည် ရိုးရိုးသာမန်ဖုန်းနံပါတ်ဖြင့် ပေးပို့ခြင်းဖြစ်သဖြင့် ကော်မရှင်နှင့် PFP စနစ်အပေါ် ပြည်သူလူထု၏ ယုံကြည်မှု ပိုမိုရရှိစေရန် MPT၊ Telenor၊ Mytel၊ Ooredoo စသည့် ဆက်သွယ်ရေးအော်ပရေတာလေးခုတို့နှင့် ညှိနှိုင်း၍ Short Code 1111 ကို အသုံးပြုဆောင်ရွက်နိုင်ခဲ့သည်။

### ပြည်သူ့ထံမှ ပြည်သူ့စကား

PFP အစီအစဉ်သည် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်မှု အရည်အသွေးကို အများပြည်သူထံမှ သဘောထားရယူခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် PFP အစီအစဉ်က 1111 ဖြင့် ပေးပို့သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားခြင်းဖြင့် မိမိတို့၏ သဘောထား၊ မိမိတို့၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပေါ် တိုးတက်စေချင်၊ ပြုပြင်ပြောင်းလဲစေလိုသည့်အချက်များကို ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောကြားနိုင်သည့် အခွင့်အရေးပင်ဖြစ်ပါသည်။

သက်ဆိုင်ရာ ရုံး/ ဌာနများအနေဖြင့်လည်း ပြည်သူလူထု၏ တုံ့ပြန်အကြံပြုချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနအကြီးအကဲထံ တင်ပြကာ ဖြေရှင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြည်သူများ၏ တယ်လီဖုန်းများထံသို့ တိုက်ရိုက်ဆက်သွယ်၍ ဖြေရှင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့်လည်း အခွင့်အရေးတစ်ရပ်အနေဖြင့် မိမိတို့၏ အခက်အခဲများကို ချပြနိုင်မည်ဖြစ်ခြင်းကြောင့် 1111 ဖြင့် ပေးပို့မေးမြန်းလာသော မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားသင့်သည်။

### တိုင်ကြားမှုယန္တရားမဟုတ်သည်ကို သတိချပ်စေလို

PFP အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် ရရှိလာသော ပြည်သူ့တုံ့ပြန်မှုများကို အခြေခံ၍ သက်ဆိုင်ရာဌာနအလိုက် အမှန်တကယ်ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့် အချက်များနှင့် လာဘ်ပေးလာဘ်ယူမှုများကို အချိန်တိုအတွင်းသိရှိပြီး အချိန်မီပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ သို့ရာတွင် ယခုအစီအစဉ်သည် တိုင်ကြားမှုယန္တရားမဟုတ်သဖြင့် ပြည်သူများအနေဖြင့် အဂတိလိုက်စားမှုများကို တိုင်ကြားလိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ သို့မဟုတ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုက်ရိုက်တိုင်ကြားနိုင်သည်။

### အဂတိပယ်ခွာ ပြည်သာယာဖို့

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်သည် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်တားဆီးနိုင်မည့်လုပ်ငန်းစဉ်ဖြစ်သဖြင့် နိုင်ငံတော်နှင့် ပြည်သူအတွက် ပိုမိုအကျိုးရှိသည်။ ကော်မရှင်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်သည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ဖြစ်ပေါ်လာနိုင်သည့် အသေးစား အဂတိလိုက်စားမှုများကို ကြိုတင်တားဆီးကာကွယ်နိုင်မည်ဖြစ်သကဲ့သို့ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ၏ အားနည်းချက်များကို သိရှိကာ အချိန်မီပြုပြင်နိုင်ပြီး အစိုးရနှင့် ပြည်သူအကြား ယုံကြည်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်ကာ သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သဖြင့် တစ်ချက်ခုတ် နှစ်ချက်၊ သုံးချက်ပြတ်နိုင်သည့် အစီအစဉ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများအပြင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင်ပါ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန် ကော်မရှင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခဲ့ရာ ခွင့်ပြုခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာ အစိုးရအဖွဲ့များကလည်း သဘောတူခဲ့ပြီးဖြစ်သဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မကြာမီတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ကာ PFP အစီအစဉ်ကိုပါ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

PFP အစီအစဉ်သည် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းဖြစ်သဖြင့် 1111 ဖြင့် ပေးပို့သော SMS များကို ပြည်သူများက တိကျမှန်ကန်စွာ ပြန်လည်ဖြေကြားခြင်းအပိုင်းသည် အရေးကြီးဆုံးသော အပိုင်းပင်ဖြစ်သဖြင့် ပြည်သူများအနေဖြင့် **“အဂတိပယ်ခွာ ပြည်သာယာဖို့ 1111 ကို ဖြေကြားကြပါစို့”** ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား။** ။
- ကော်မရှင်က တရားဝင်ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များ

# ရန်ကုန်မြို့အမျိုးသားဇာတ်ရုံကြီး၌ “အသက်ထက်မြတ်သော ဂုဏ်သိက္ခာ ဇာတ်တော်ကြီး” တင်ဆက်ဖျော်ဖြေ

**ရန်ကုန် ဇန်နဝါရီ ၁၁**

အများပြည်သူများ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားရရှိစေရန်အတွက် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံကြီး၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက စီစဉ်တင်ဆက်သည့် “အသက်ထက်မြတ်သော ဂုဏ်သိက္ခာ ဇာတ်တော်ကြီး” တင်ဆက်ဖျော်ဖြေနေမှုကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

“အသက်ထက်မြတ်သော ဂုဏ်သိက္ခာ ဇာတ်တော်ကြီး” သည် မြန်မာ့သမိုင်းတွင် ရတုရေးသားရာ၌ တံခွန်စိုက်ထူခဲ့သည့် တောင်ငူဘုရင် နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာ မင်းသမီးတို့၏ အချစ်ဇာတ်ကြောင်း၊ ပဒေသရာဇ်များ၏ အားပြိုင်မှုမှ ဖြစ်ပေါ်လာသော နိုင်ငံရေး၊ စစ်ရေး၊ အခင်းအကျင်းများကို နောက်ခံလျက် စစ်ရေးစစ်ရာတွင် ရဲစွမ်းသတ္တိရှိသည် သာမက အနုသုခုမပညာတွင်လည်း လက်ရာပြောင်မြောက်သော နတ်သျှင်နောင်သည် မိမိတို့၏ နိုင်ငံအတွင်းပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းရာ၌ တိုင်းတစ်ပါးသားကို အကြွင်းမဲ့ယုံစား၍ ပူးပေါင်းဆောင်ရွက်မိသဖြင့် မလှပသောသမိုင်းနိဂုံးဖြင့် ဇာတ်သိမ်းရသည်ကို သမိုင်းတစ်ကွေ့၏ သတိမူစရာ သင်ခန်းစာဖြစ်ရပ်တစ်ခုအနေဖြင့် တင်ဆက်ကပြရခြင်း ဖြစ်သည်။

ဇာတ်တော်ကြီးအပြီးတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို အဆိုပါ ဇာတ်တော်ကြီးမှ ကိုယ်စီရရှိလိုက်သည့် သင်ခန်းစာယူစရာ အချက်များကို မေးမြန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။



ဇန်နဝါရီ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် အဆိုပါ ဇာတ်တော်ကြီးကို အများပြည်သူများ၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများနှင့်မိသားစုများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများကို မွန်းလွဲ ၁ နာရီမှစ၍ တင်ဆက်ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်ရေးဆွဲရေး နည်းပညာလုပ်ငန်းအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**



မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်ရေးဆွဲရေး နည်းပညာလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နည်းပညာလုပ်ငန်းအဖွဲ့ဝင်များ ဖြစ်သည့် ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်အသင်းများမှ ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကိုယ်စားလှယ်များနှင့် ဂျပန်-အာဆီယံပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ (Japan– ASEAN Integration Fund–JAIF) အဖွဲ့မှ အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်း အစီအစဉ် (National Plastic Action Plan) မူကြမ်း ရေးဆွဲထားမှု၊ ပလတ်စတစ်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ မူဝါဒများနှင့် ကွာဟချက်များအား တွေ့ရှိမှု၊ Pilot City ရွေးချယ်ခဲ့သည့် ရန်ကုန်မြို့၌ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များ ကောက်ယူထားမှု အခြေအနေနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များ၊ ပုသိမ်မြို့နှင့်မော်လမြိုင်မြို့တို့တွင် အချက်အလက်ကောက်ယူမည့် အခြေအနေ၊ တစ်ခါသုံး ပလတ်စတစ် စွန့်ပစ်ပစ္စည်းများအတွက် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်း အစီအစဉ်တွင် ထည့်သွင်းမည့်ပလတ်စတစ် ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ လုပ်ဆောင်ချက်များ၊ အချိန်ကာလအပိုင်းအခြားနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တန့်ယန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူ

**တန့်ယန်း ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူရေးလုပ်ငန်းကို ဇန်နဝါရီ ၁၀ ရက်မှ စတင်၍ မြို့မရပ်ကွက်များနှင့် ကျေးရွာအုပ်စုတို့တွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အဆင့် မြေပြင်ကွင်းဆင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအမ်ဇော်နော်နှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

တန့်ယန်းမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေးစာရေးများနှင့် တာဝန်ရှိသူများ ပါဝင်သည့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့ ၈၄ ဖွဲ့တို့က အိမ်ထောင်စုလူဦးရေစာရင်းများ တိကျမှန်ကန်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းလွင်ဦး(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ် ဒါးက အထက၌ လူငယ်စကားဝိုင်းကျင်းပ

**ကန်ကြီးထောင့် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဒါးက အထက၌ ကျင်းပသည်။



အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ် ပညာရေးမှူး ဒေါ်တင်မေသန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက လူငယ်စကားဝိုင်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လူငယ်စကားဝိုင်းအား ရပ်မိရပ်ဖ ဦးခင်ဇော်၊ အလယ်တန်းပြဆရာမ ဒေါ်မြင့်မြင့်စိုး၊ အထက ဒါးက Grade-11 မှ မောင်မြတ်ထူးအောင်နှင့် မငြိမ်းဟေမာန်ဦး၊ Grade-10 မှ မောင်ကျော်ဇင်ဖြိုး၊ မခိုင်ဖြိုးဝေတို့က လူငယ်နှင့်ပညာ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အားကစား ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ဆက်လက်၍ ဒါးက အထက ကျောင်းအုပ်ဆရာကြီး ဦးထွန်းလှအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုက်ထိုမြို့ မူလွန် (ဘူတာ)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ စွမ်းရည်ပြိုင်ပွဲနှင့်ပြပွဲများ ဆောင်ရွက်

**ကျိုက်ထို ဇန်နဝါရီ ၁၁**

စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ စွမ်းရည်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကျိုက်ထိုမြို့ အခြေခံပညာမူလတန်းလွန်ကျောင်း(ဘူတာ) ကျောင်း၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ပြင်ပဗဟုသုတ စာအုပ်များ ဖတ်ရှုခြင်းဖြင့် ဉာဏ်ရည်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောကာ စာဖတ်ဝိုင်းပြုလုပ်ပေးသည်။

ထို့ပြင် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပပေးပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာလိုက်နာရမည့် စည်းမျဉ်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများ ပါဝင်သည့် နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်အတွင်း ပဲတီစိမ်းစိုက်ခင်း၊ နှမ်းစပါးစိုက်ခင်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပုသိမ် ဇန်နဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ကန်ကြီးထောင့်မြို့နယ် ရွာသစ်ကုန်းကျေးရွာရှိ တောင်သူ ဦးဝင်းဦး၏ လယ်မြေ ရှစ်ဧကတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင် ရွက်သည့် ပဲတီစိမ်းစိုက်ခင်းအား ရွက်ဖျန်းဆေး၊ မှိုသတ်ဆေးနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး သွင်းအားစု များအား စိုက်ခင်းများတွင် စနစ်တကျအသုံးပြုစေရေး၊ အောင်မြင်အောင်စိုက်ပျိုးစေရေး၊ အထွက်နှုန်းတိုးစေ ရေး မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စာဖြူစုကျေးရွာရှိ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဖြင့် နှမ်းစပါးစိုက်ပျိုးမည့် တောင်သူ ငါးဦးအတွက် ဓာတ်မြေဩဇာသွင်းအားစုများ ထောက်ပံ့ပေးအပ် ခဲ့ပြီး တောင်သူ ဦးပါလတ်ကြည်၏ နှမ်းစပါး ဧက ၃၀ တွင် မြေဩဇာစုပေါင်းကြဲပက်နေမှုအားကြည့်ရှုအား ပေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါးစိုက်ပျိုး မည့် လယ်မြေဧက ၇၀၀၀ အတွက် ဓာတ်မြေဩဇာ သွင်းအားစုများ ရောက်ရှိဖြန့်ဝေနေမှုကို ကြည့်ရှု စစ်ဆေးခဲ့ပြီး တောင်သူများ လက်ဝယ်အရောက် အမြန်ဆုံးဖြန့်ဝေပေးနိုင်ရေး မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တံတားဦးစီးဌာန တံတားအဖွဲ့(၁၅)မှ ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းပေါ်ရှိ ပမ္မဝတီတံတား(မြင်းကဆိပ်) တံတားအရှည် ပေ ၁၂၆၀ အား သံကူကွန်ကရစ်ကြမ်းခင်းအဖြစ် အဆင့် မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တကုန်းကြီးကျေးရွာတွင် မြေပြင် တစ်အိမ်တက်ဆင်းကွင်းဆင်းစာရင်းကောက်ယူရေး အဖွဲ့များက တစ်အိမ်တက်ဆင်းမြေပြင် လူဦးရေ စာရင်းများ ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေ မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကလောမြို့နယ် ဈေးကုန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း အခမဲ့ဖွင့်လှစ်

ကလော ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ အမျိုးသမီးများ အသက်မွေး ဝမ်းကျောင်း အထောက်အကူ ပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားစေ ရန်ရည်ရွယ်၍ အသက်မွေးဝမ်း ကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်းဖွင့်ပွဲ ကို ယမန်နေ့ နံနက်ပိုင်းက နန်းတိုင်းကျေးရွာအုပ်စု ဈေးကုန်း ကျေးရွာခန်းမ၌ ပြုလုပ်ကြောင်း သိရသည်။



ပထမဦးစွာ ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက အဖွင့်အမှာ စကားပြောကြားပြီး ကလော မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီး အရာရှိဒေါ်ဝင်းဝင်းခိုင်က သင်တန်း သူများအနေဖြင့် သင်တန်းက သင်ကြားပေးသော အတတ်ပညာ များကို စဉ်ဆက်မပြတ်ဆက်လက် လေ့လာပြီး လက်တွေ့နယ်ပယ် တွင် အကျိုးရှိရှိအသုံးချနိုင်ရန် ကြိုးစားသင်ကြားစေလိုကြောင်း နှင့် ဦးစီးဌာနမှ ရှေ့ဆက်လက် ဖွင့်လှစ်မည့် သင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ခရိုင် ဦးစီးမှူးနှင့် မြို့နယ်အဆင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများက သင်ထောက်ကူ ပစ္စည်းများကို သင်တန်းသူများထံသို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။

**အခမဲ့သင်ကြားပို့ချ**

အဆိုပါ အသက်မွေးဝမ်း ကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်းသို့ ကလောမြို့နယ် အတွင်းရှိ ဈေးကုန်းကျေးရွာ၊ ဟင်းခါးကုန်း ကျေးရွာ၊ ရွာတော်ကျေးရွာနှင့် ဘော်နင်းကုန်း ကျေးရွာတို့မှ သင်တန်းသူ ၂၀ တက်ရောက် ကြပြီး သင်တန်းတွင် အခြေခံ စက်ချုပ်နည်းနှင့် ပတ်သက် သည့် သင်ခန်းစာများကို ကျွမ်းကျင် နည်းပြဆရာမ နှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် ဇန်နဝါရီ ၁၀ ရက် မှ ဖေဖော်ဝါရီ ၈ ရက်အထိ တစ်လ ကြာ အခမဲ့သင်ကြားပို့ချပေးသွား မည်ဖြစ်ကြောင်း သိရသည်။

၂၂၂



# ကျိုင်းတုံမြို့နယ်၌ မြေသားလမ်းတာချဲ့ခြင်းနှင့် ကျောက်ဖြုန်းခင်းခြင်းလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီး

ကျိုင်းတုံ ဇန်နဝါရီ ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ် ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၀၃ ဒသမ ၄၂၅ သန်း အကုန်အကျခံကာ ကျိုင်းတုံမြို့နယ် မိုင်းပန်လယ်အုပ်စု ယန်းလုံ- ဝမ်ဖြတ်-ဟိုနားကျေးရွာချင်းဆက် မြေသားလမ်းတာချဲ့ခြင်းနှင့် ကျောက်ဖြုန်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

အဆိုပါ ကျေးရွာချင်းဆက် မြေသားလမ်း(၇/၃)မိုင်ပေါ်မှ (၃/၀) မိုင်အား မြေသားလမ်းတာချဲ့ခြင်း၊ ကျောက်ဖြုန်းခင်းခြင်းလုပ်ငန်းနှင့် Box Culvert ခြောက်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါ အောင်မြင်သည့် စိန်လင်းကြည်ကုမ္ပဏီမှ ၂၀၂၂ ခုနှစ် ဇွန်လတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးနိုင်ရန်အတွက် ရှမ်းပြည် နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံး(ကျိုင်းတုံ)မှ ဒေသကြီးကြပ်ရေးမှူး နှင့်အဖွဲ့က ဇန်နဝါရီ ၁၀ ရက်က သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများသည် ကျိုင်းတုံမြို့သို့ အချိန်တိုအတွင်း ကူးလူးသွားလာနိုင်မည်ဖြစ်ပြီး ဒေသ အတွင်း ထွက်ကုန်များ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခွင့်အလမ်းများ တိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မိုင်းရှူးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူစစ်ဆေး

မိုင်းရှူး ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၌ မြေပြင်လူဦးရေ စာရင်းများတိကျမှန်ကန်စေရေးအတွက် မြေပြင်တစ်အိမ်တက်ဆင်း



ကွင်းဆင်းကောက်ယူရေးအဖွဲ့က ယနေ့ နံနက် ၁၀ နာရီတွင် ဟိုဆိုင် ကျေးရွာအုပ်စု ပါနိမ့်ကျေးရွာ၌ ကွင်းဆင်းကောက်ယူစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**ပေါင်းစပ်ဆောင်ရွက်**

အဆိုပါ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမှုကို ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ် ၍ အခက်အခဲရှိသည်များကို ပေါင်းစပ်ဆောင်ရွက်ခဲ့သည်။

မိုင်းရှူးခရိုင်အတွင်း၌ မိုင်းရှူးမြို့နယ်နှင့် မိုင်းစံမြို့ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၇ အုပ်စု၊ အိမ်ထောင်စု ၁၆၇၇၇ စု၊ လူဦးရေ ၆၇၄၆၂ ဦးရှိပြီး အဆိုပါမြေပြင်ကွင်းဆင်းစာရင်းကောက်ယူ နိုင်မှုကို ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ၂၀ ဒသမ ၂၅ ရာခိုင်နှုန်း ကောက်ယူပြီးစီးကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကလောမြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုလျော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ကလော ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော မြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျော့ချနိုင်ရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရေး၊ ဌာနဝင်ငွေတိုးတက်ရရှိရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီမှ စတင်ကာ ကလောမြို့နယ် လျှပ်စစ်အင်ဂျင် နီယာ ဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁ ကေဗွီဓာတ်အားလိုင်း မှဓာတ်အားရယူသော ရပ်ကွက်/ ကျေးရွာ အတွင်းရှိ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ကိုင်းသစ်ခက်များကို ခုတ်ထွင်ရှင်းလင်း ခြင်းနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေ ရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော မီတာများကို စစ်ဆေးဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်မှုများကို လစဉ်သတ်မှတ်ရက် များအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မှ တာဝန်ရှိသူ၏ပြောကြားချက်အရ သိရ သည်။

**အေးခိုင်(ကလော)**





ကရင်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးစောမြင့်ဦး သီရိပျံ့ချီဘွဲ့ရရှိသည့် တောင်ကလေးဆရာတော်ထံ ဂုဏ်ထူးဆောင်ဘွဲ့ ဆက်ကပ်စဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးစောမြင့်ဦး ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန (ကိုယ်စား) ဒုတိယမြိုင်ကြီးငူ ဆရာတော်ထံ ဂုဏ်ထူးဆောင်ဘွဲ့ ဆက်ကပ်စဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံ့ချီ ဦးတင်ဦးလွင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးမျိုးအောင် ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံ့ချီ ဦးတင်ဦးလွင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး(ငြိမ်း) ဦးစောလှမင်း ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။




မွန်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးဇော်လင်းထွန်း သီရိပျံ့ချီဘွဲ့ရရှိသူ ဦးအုန်းကျော်၊ ဝန်ကြီး (လူမှုဝန်ထမ်းဌာန၊ အလုပ်သမားဌာန)ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သက်ဉာဏ် ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။




အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မြတ်သက်ဦး ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ရွှေကျင်(ကိုယ်စား) သားဖြစ်သူ ဦးကိုကိုဦး ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

☆ ကျောဖုံးမှ

လက်ခံယူမည့် ကာယကံရှင်နှင့် မိသားစုဝင်များကို လက်ရောက်ချီးမြှင့်အပ်နှင်းကြသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံ့ချီ ဦးတင်ဦးလွင်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇေယျကျော်ထင် ဇော်ဟိန်းတို့က သီရိပျံ့ချီဘွဲ့ရရှိသူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအုန်းမောင်၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) ဦးမျိုးအောင်၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး(ငြိမ်း) ဦးစောလှမင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး ဒေါ်မော်မော်(ကိုယ်စား) မောင်ဖြစ်သူ ဦးမင်းထွဋ်နှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး(ငြိမ်း) ဦးစိုးဝင်း (ကိုယ်စား) ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းကြည် တို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ထို့အတူ မွန်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးဇော်လင်းထွန်းက သီရိပျံ့ချီဘွဲ့ရရှိသူ ဦးအုန်းကျော်၊ ဝန်ကြီး (လူမှုဝန်ထမ်းဌာန၊ အလုပ်သမားဌာန) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်သက်ဉာဏ်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မြတ်သက်ဦးက ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ရွှေကျင်(ကိုယ်စား) သားဖြစ်သူ ဦးကိုကိုဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

အလားတူ ကရင်ပြည်နယ်ဝန်ကြီးချုပ် သီရိပျံ့ချီ ဦးစောမြင့်ဦးက သီရိပျံ့ချီဘွဲ့ရရှိသည့် တောင်ကလေးဆရာတော်နှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန (ကိုယ်စား) ဒုတိယမြိုင်ကြီးငူ ဆရာတော်တို့ထံ ဂုဏ်ထူးဆောင်ဘွဲ့များ ဆက်ကပ်သည်။

ထို့နောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မြတ်သက်ဦးက သီရိပျံ့ချီဘွဲ့ရရှိသည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ဥက္ကဋ္ဌ (DKBA) ဗိုလ်မှူးကြီး စောထွန်းလှိုင်နှင့် ဟောင်သရောအထူးဒေသမှ ဂုဏ်ထူးဆောင်ဒုတိယဗိုလ်မှူးကြီး စောဒေါ်ဒေါ် (ကိုယ်စား) ဗိုလ်မှူး ချစ်ဝင်းတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများအား စားသောက်ကုန်နှင့် ထောက်ပံ့ငွေများပေးအပ်



ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများအား စားသောက်ကုန်နှင့် ထောက်ပံ့ငွေများကို ဇန်နဝါရီ ၉ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်မှစ၍ ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများ ရပ်နားထားခဲ့သည့် ရုပ်ရှင်လောကသားများကို နိုင်ငံတော်၊ ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များ၏ စုပေါင်းအားဖြင့် စားသောက်ကုန်နှင့် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိသည်။

**လာရောက်ထုတ်ယူ**

"လာရောက်ထုတ်ယူသူအားလုံးကို ပေးပါတယ်။ ထုတ်လုပ်သူနဲ့ သရုပ်ဆောင်တွေက ထုတ်ယူတာနည်းတယ်။ စက်မှုအလွှာနဲ့ ဇာတ်ပို့ဇာတ်ရံက များတယ်၊ လူဦးရေ ၁၅၀၀ နီးပါး လာရောက်ထုတ်ယူကြတယ်။ ဆန်ဆိုရင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးတယ်။ ဆီနဲ့ ငါးသေတ္တာကို ရုပ်ရှင်အစည်းအရုံးကပေးတယ်။ နိုင်ငံတော်ကချီးမြှင့်ခဲ့တဲ့ ငွေကျပ်သိန်း ၁၅၀ ကျော်ကိုတစ်ဦးလျှင် ကျပ်တစ်သောင်းနှုန်းနဲ့ ထောက်ပံ့တယ်။ အလှူရှင်တွေ လှူဒါန်းမှုကို စုပေါင်းပြီး လှူဒါန်းတဲ့အတွက် သူတို့လည်းဝမ်းသာကြတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် အဖွဲ့ဝင် ၄၀၀၀ ကျော်ရှိပြီး ရုပ်ရှင်အလွှာ ၁၀ လွှာ၌ စက်မှုအလွှာတွင် လူဦးရေ ၈၀၀ ကျော်ရှိရာ သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူသူများကို ပေါ်ဆန်မွှေး ဆန် ၆ ပြည်၊ ဆီ ၅၀ ကျပ်သား တစ်ဘူး၊ ငါးသေတ္တာနှစ်ဘူးနှင့် ငွေကျပ် ၁၀၀၀၀ ထောက်ပံ့လျက်ရှိသည်။

**မျှော်လင့်နေ**

"ဒီအချိန်မှာ စက်မှုလုပ်သားတွေနွမ်းပါးကြတယ်။ ရုပ်ရှင်အလုပ်ပဲ လုပ်တတ်ကြတာကြောင့် အခြားအလုပ်မရှိကြတာများတယ်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဘယ်နေ့ကူညီထောက်ပံ့မလဲဆိုတာ မျှော်လင့်နေရပါတယ်။ ဒီနေ့ဆိုရင် နိုင်ငံတော်က ထောက်ပံ့တဲ့ငွေအသီးသီးရရှိတာကြောင့် သူတို့ပျော်နေတာကိုတွေ့ရမှာပါ။ အခုလို ထောက်ပံ့နိုင်မှုအပေါ် နိုင်ငံတော်နဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို စက်မှုလုပ်သားတွေ အားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်"ဟု စက်မှုပိုင်းဆိုင်ရာ အတွင်းရေးမှူး ဦးငွေစိုးက ပြောသည်။

ရုပ်ရှင်အစည်းအရုံးဝင်တို့အား အလှူရှင်တို့၏ စုပေါင်းအားဖြင့် စားသောက်ကုန်နှင့် ထောက်ပံ့ငွေများကို ထောက်ပံ့လှူဒါန်းခဲ့သည်မှာ ယခုဆိုလျှင် ၁၁ ကြိမ်တိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ရုပ်ရှင်သရုပ်ဆောင်အချို့နှင့် အနုပညာရှင်အချို့ကလည်း ထောက်ပံ့ငွေများကို လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သတင်း- ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**




## "နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်" မှ "ရေသည်ပြဇာတ်" ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇန်နဝါရီ ၁၁

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါအစီအစဉ်မှ "ရေသည်ပြဇာတ်" ကို သဘင်ပညာရှင်ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွာစားဝါးခယ်မ စိန်မုန့်လုံး၏တီးခတ်မှု ဘွန်း၊ ဆန်းနေအောင်၊ ချမ်းချမ်းမိုး၊ ဦးဝါဝင်း၊ ဦးစံငွေတို့နှင့်အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၄ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဇန်နဝါရီ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မဟာအောင်မြေမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေး ကွင်းဆင်းကောက်ယူ

မဟာအောင်မြေ ဇန်နဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် ဇန်နဝါရီ ၉ ရက်မှစတင်၍ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့ ၉၉ ဖွဲ့ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၈ ရပ်ကွက်၌ ကွင်းဆင်းကောက်ယူလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းကောက်ယူရာသို့ မြို့နယ်မြေပြင်ကွင်းဆင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ အတွင်းရေးမှူး ဦးမောင်မောင်ကြိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင် (၁) ဗိုလ်မှူးဆွေလွင်အောင်၊ အတွင်းရေးမှူး ရဲမှူးကျော်မြဝင်းတို့က ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**






## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် ဇန်နဝါရီ ၁၁

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် ၁၀၀ ကို ဇန်နဝါရီ ၁၃ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## "စန္ဒရားကွန်းဇော် တေးဂီတ" ဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် "စန္ဒရားကွန်းဇော် တေးဂီတ" ဖျော်ဖြေပွဲကို ဇန်နဝါရီ ၁၃ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**ဖျော်ဖြေတင်ဆက်ကြမည်**

ယင်းအစီအစဉ်တွင် စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ ကျော်စိုးဦး၊ တက္ကသိုလ်လဲ့လဲ့၊ သီတာသိမ့်၊ ဝင်းလဲ့ချယ်ရီ၊ အိဟေမာန်၊ နေခြည်၊ ဇာခြည်၊ မြင့်မိုရ်သွန်းခနှင့် နှင်းပြည့်ပြည့်အောင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၃ ခုနှစ် မိုးကြိုရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ကွပ်ကဲမှုအောက်ရှိ လယ်ဝေးခရိုင်၊ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ဘဏ်ခွဲ သုံးခုမှ တောင်သူဦးကြီးများအား ၂၀၂၃ ခုနှစ် မိုးကြိုရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဇန်နဝါရီလမှ မတ်လကုန်ထိ ထုတ်ချေးပေးသွားမည်ဖြစ်သည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာ ဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးတို့ကို ရည်ရွယ်၍ လယ်ယာစိုက်ပျိုးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၃ ခုနှစ် မိုးကြိုရာသီစိုက်ပျိုးစရိတ်ချေးငွေများကို နွေစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် အတိုးနှုန်း တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

၂၀၂၃ ခုနှစ် မိုးကြိုရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့တွင် လယ်ဝေးခရိုင်ဘဏ်ခွဲမှ အင်ပင်ကျေးရွာအုပ်စု တစ်အုပ်စု၊ တောင်သူ ခုနစ်ဦး၊ ချက်ကြံ ၃၆ ဧကအတွက် ချေးငွေကျပ် ၃ ဒသမ ၆ သန်း



ထုတ်ချေးရာတွင် နေပြည်တော်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဒုတိယတိုင်း မန်နေဂျာ ဒေါ်စမ်းမူယာအောင်က ချေးငွေထုတ်ချေးမှုနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို တောင်သူများအား ရှင်းလင်းပြောကြားပြီး ချေးငွေများထုတ်ချေးပေးသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကွပ်ကဲမှုအောက်ရှိ လယ်ဝေးခရိုင်၊ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ်ဘဏ်ခွဲသုံးခုမှ နေပြည်တော်နယ်မြေ အတွင်းရှိ တောင်သူများသို့ ချေးငွေများ စိုက်ပျိုးရာသီအချိန်မီ ရရှိရေးအတွက် ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ချမ်းအေးသာစံမြို့နယ်၌ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့ ၉၈ ဖွဲ့ဖြင့် မြေပြင် လူဦးရေစာရင်း ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

မန္တလေး ဇန်နဝါရီ ၁၁

မန္တလေးမြို့ချမ်းအေးသာစံမြို့နယ်၌ မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့ ၉၈ ဖွဲ့ဖွဲ့ကာ မြေပြင်လူဦးရေစာရင်း ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချမ်းအေးသာစံမြို့နယ်အတွင်း၌ မြေပြင်လူဦးရေစာရင်း ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းအား မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့ ၉၈ ဖွဲ့က ရပ်ကွက် ၂၀ ရှိ ဦးတည်အိမ်ထောင်စု ၄၄၅၀၀ ကျော်အား ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာနေရာသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် လဝက ဦးစီးမှူး ဦးဝေလင်းနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

## ဒဂုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၌ ဒဂုံတက္ကသိုလ်အားကစားနှင့်ကာယပညာကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဒဂုံတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားကို တက္ကသိုလ်ရှိ မိုးလုံလေလုံ အားကစားရုံ၌ ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါ ဒဂုံတက္ကသိုလ် ဘာသာရပ်အလိုက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲ ဆုချီးမြှင့်ရာတွင် ဒဂုံတက္ကသိုလ်မှ အင်ဂျင်နီယာဌာနမှူး ဦးစည်သူမြင့်က မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်ဒိုင်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ရာ ဘော်လီဘောအဖွဲ့ချုပ်ဒိုင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ပြီး ဘာသာရပ်အလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော အမျိုးသားအမျိုးသမီးဘော်လီဘောပြိုင်ပွဲဆုရရှိသူများအား ဆုများပေးအပ်ရာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းနှင့် ဘာသာရပ်အလိုက် ဌာနအသီးသီးမှ ဌာနမှူးဆရာ ဆရာမများက ဘာသာရပ်အလိုက် ဘော်လီဘောပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းလိုက်အမျိုးသား(ပထမ၊ ဒုတိယ၊ တတိယ)ဆု၊ အသင်းလိုက်အမျိုးသမီး (ပထမ၊ ဒုတိယ၊ တတိယ)ဆုများ၊ အကောင်းဆုံး ပင့်ထောင်အမျိုးသားတစ်ဦး၊အမျိုးသမီးတစ်ဦး၊ အကောင်းဆုံးရိုက်ခုတ်အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ အကောင်းဆုံးဆယ်မဆု အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆု အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ အမျိုးသား တံခွန်စိုက်ပထမဆု၊ ဒုတိယဆု၊ အမျိုးသမီး တံခွန်စိုက်ပထမဆု၊ ဒုတိယဆုတို့ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဒဂုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ဘော်လီဘောအမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲကိုအမျိုးသားအသင်းကိုးသင်း၊ အမျိုးသမီးအသင်းငါးသင်း စုစုပေါင်းအသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

## မိုင်းတုံမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မိုင်းတုံ ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကုန်းဆာ(လီဆူ)ကျေးရွာနှင့် ကြယ်ပဲကျေးရွာတို့၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကုန်းဆာ(လီဆူ)ကျေးရွာနှင့် ကြယ်ပဲကျေးရွာတို့၌ အရှည်ပေ ၅၇၀၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကုန်းဆာ(လီဆူ)ကျေးရွာနှင့် ကြယ်ပဲကျေးရွာတို့တွင် အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သန်း ၂၀ ၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ ဒသမ ၄၄ သန်း၊ ကျေးရွာလူထုလုပ်အားများ၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်



အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂၂

## ဇန်နဝါရီလ (ဒုတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၂၈ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ၄၂ ဒီဂရီဖာရင်ဟိုက်မှ ၅၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၂ ဒီဂရီဖာရင်ဟိုက်မှ ၆၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၃ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၆ ရာခိုင်နှုန်းမှ ၆၇ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၆၈ ရာခိုင်နှုန်းမှ ၇၉ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈၀ ရာခိုင်နှုန်းမှ ၉၁ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၈ မီလီမီတာမှ ၂၈ မီလီမီတာ အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၂၉ မီလီမီတာမှ ၃၉ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၄၀ မီလီမီတာမှ ၄၉ မီလီမီတာအတွင်း အသီးသီး ရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေအသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၇၈၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၇၈၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၆၂,၉၉၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၃၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၁၉၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၀-၁-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း ၃၀,၈၆၀,၁၃၆ ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၂,၇၉၅) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၀-၁-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၆၀,၁၃၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၂,၇၉၅ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## တီးတိန်မြို့၌ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပေး

**တီးတိန် ဇန်နဝါရီ ၁၁**

ချင်းပြည်နယ် တီးတိန်မြို့၌ အသက် ငါးနှစ်မှ ၁၂ နှစ်ကြား ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် ဆေးထိုးနှံခြင်းကို အထက(၁)စံကိုက်ညီကျောင်း ဆောင်၌ ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ပြုလုပ်ကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံမှု အခြေအနေကို တီးတိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းတို့နှင့်အတူ သွားရောက် ကြည့်ရှုခဲ့ကြပြီး ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး တတိယအကြိမ် ထိုးနှံကြမည့် ကျောင်းသား ကျောင်းသူများအား ပဲနို့များ တိုက်ကျွေးသည်။



တီးတိန်အထက(၁)ကျောင်း၌ အသက် ငါးနှစ်မှ ၁၂နှစ်ကြား ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၄ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် တီးတိန်မြို့ပေါ် (၄)ရပ်ကွက်အတွင်း မြေပြင်တစ်အိမ်တက်/ဆင်း ကွင်းဆင်းစာရင်းကောက်ယူသည့်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများအား ကြီးကြပ်ပေး၍ လုပ်ငန်းများဆောင်ရွက်စဉ်ဖြစ်ပေါ်သည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နည်းပညာတက္ကသိုလ်(တောင်ငူ)၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြော

**တောင်ငူ ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့မွန်းလွဲပိုင်းက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ ဟောပြောပွဲတွင် နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ တင်ဝင်းမွန်က အဖွင့်အမှာစကား ပြောကြားပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (နေပြည်တော်)မှ တပ်ဖွဲ့စုမှူး ရဲမှူး မြင့်အောင်က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေများ၊ ခေါင်းပုံဖြတ်မှုများနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဆိုင်ရာများကို အသိပညာပေး ဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၁၅၀ ကျော် တက်ရောက်ခဲ့ကြပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ တာဝန်ရှိသူများက ဟောပြောပွဲသို့ တက်ရောက်လာသူများအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ဝိုင်းမော်မြို့နယ် အထက ဝွေထု၌ ကျောင်းသား ကျောင်းသူများအား ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးစဉ်။

## အသက်ငါးနှစ်မှ ၁၂ နှစ်အတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကျောင်းအခြေပြု ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

ကျန်းမာရေးဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အသက်ငါးနှစ်မှ ၁၂ နှစ်အတွင်းရှိ အခြေခံပညာ ကျောင်းသား ကျောင်းသူများကို ၂၀၂၂ ခုနှစ် ဇွန် ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်အထိ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးသူ အသက်ငါးနှစ်မှ ၁၂ နှစ်အတွင်းရှိ အခြေခံပညာကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၈၂၁၃၆၉ ဦး ရှိပြီဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးသည့် အသက်ငါးနှစ်မှ ၁၂ နှစ်အတွင်းရှိ အခြေခံပညာကျောင်းသား ကျောင်းသူများအနက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ငါးလပြည့်ပြီးသူ ကျောင်းသား ကျောင်းသူ ၃၁၈၁၉၉၄ ဦးအား ထပ်ဆောင်းကာကွယ်ဆေးကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ဇန်နဝါရီ ၉ ရက်မှစတင်၍ ထိုးနှံပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဆိုပါ အသက်အုပ်စုအတွင်းရှိသော ကျောင်းသား ကျောင်းသူများအား ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယခုနှစ်အတွက် တရုတ်-ဥရောပ ကုန်တင်ရထား ပထမဆုံးခရီးစဉ် စတင်ထွက်ခွာ




**ရှန်ဟိုင်း ဇန်နဝါရီ ၁၁**

တရုတ်နိုင်ငံ ရှန်ဟိုင်းက ယခုနှစ်အတွက် တရုတ်-ဥရောပ ကုန်တင်ရထား ပထမဆုံးခရီးစဉ်ကို ယနေ့စတင်ထွက်ခွာခဲ့ပြီး အာရှအလယ်ပိုင်းတွင် ရပ်နားမှုအများအပြား ပြုလုပ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ အကောက်ခွန်အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကုန်တင်ရထားသည် ဓာတ်လှေကားများ၊ ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် မော်တော်ယာဉ်သုံးပစ္စည်းများကဲ့သို့သော ကုန်ပစ္စည်းများကို သယ်ဆောင်ခဲ့ပြီး စုစုပေါင်း အလေးချိန် တန် ၈၈၀ ကျော်နှင့် စုစုပေါင်းတန်ဖိုးမှာ ယွမ် ၁၈ ဒသမ ၇ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆ သန်းခန့်) ရှိကြောင်း သိရသည်။

ရှန်ဟိုင်းသည် ၎င်း၏ ပထမဆုံး တရုတ်-ဥရောပ ကုန်တင်ရထားအား ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် စတင်ပြေးဆွဲခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ရှန်ဟိုင်းသည် တရုတ်-ဥရောပ ကုန်တင်ရထားခရီးစဉ် ၅၃ ခုကို ပြေးဆွဲခဲ့ပြီး စုစုပေါင်းအလေးချိန် တန် ၄၀၀၀၀ နှင့် ယွမ် ၁ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ ကုန်စည်များကို တင်ပို့ပေးခဲ့ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# မလေးရှားနိုင်ငံ၌ ပြည်ပအလုပ်သမားဆိုင်ရာ စည်းမျဉ်းအချို့ ဖြေလျှော့သွားမည်

**ကွာလာလမ်ပူ ဇန်နဝါရီ ၁၁**

မလေးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်ပနိုင်ငံများမှ လုပ်သားများ ပိုမိုငှားရမ်းအသုံးပြုနိုင်ရန် ပြည်ပအလုပ်သမားဆိုင်ရာစည်းမျဉ်းအချို့ကို ဖြေလျှော့သွားမည်ဖြစ်ကြောင်း မလေးရှားပြည်ထဲရေးဝန်ကြီး ဆာဖူဒင်နာဆူတီရမ်အစ္စမေးကပြောကြားသည်။

မလေးရှားအစိုးရသည် မလေးရှားနိုင်ငံအတွင်း လုပ်ငန်းအသီးသီး၌ လုပ်သားလိုအပ်ချက်များ ဖြည့်တင်းနိုင်ရန်အတွက် ယခုကဲ့သို့ ပြည်ပလုပ်သားငှားရမ်းအသုံးပြုရေးဆိုင်ရာ စည်းမျဉ်းအချို့ကို ဖြေလျှော့ပေးရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံအတွင်းရှိ လုပ်သားလိုအပ်ချက်ရှိသော သက်ဆိုင်ရာကဏ္ဍများအတွက် လုပ်သားလိုအပ်ချက်ဆိုင်ရာ လျှောထားချက်များပြည့်မီလာမည်ဖြစ်ပြီး မလေးရှားနိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်ကုန်တန်ဖိုး မြင့်တက်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မလေးရှားနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုများကြောင့် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များချမှတ်ခဲ့ရသဖြင့် နိုင်ငံအတွင်း ပြည်ပလုပ်သားများလျော့နည်းခဲ့ရသည်။ မလေးရှားနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း အစိုးရက အထောက်အထားမဲ့ ရွှေ့ပြောင်းလုပ်သားများအား သတ်မှတ်အရည်အချင်းပြည့်မီပါက တရားဝင် အလုပ်လုပ်ကိုင်ခွင့်ပေးရေး အစီအမံချမှတ်ခဲ့သည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

# အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ သူနာပြုများက လုပ်ငန်းခွင်ဆိုင်ရာ မညီမျှမှုများကို ဖြေရှင်းပေးရန် ဆန္ဒထုတ်ဖော်

**နယူးယောက် ဇန်နဝါရီ ၁၁**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ သူနာပြုများက လုပ်ငန်းခွင်ဆိုင်ရာ မညီမျှမှုများကို ဖြေရှင်းပေးရန် ဆန္ဒထုတ်ဖော်ခဲ့သည်။

မြို့တော်ရှိ အဓိကဆေးရုံနှစ်ခုမှ သူနာပြု ၇၀၀၀ ကျော်သည် အဆိုပါဆန္ဒထုတ်ဖော်မှုကို ဇန်နဝါရီ ၉ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

ဆေးရုံများ၏ စီမံခန့်ခွဲသူများသည် ၎င်းတို့၏ အလုပ်ဝန်နှင့်လိုက်လျောညီထွေဖြစ်စေရန်အတွက် လုံလောက်သော ဝန်ထမ်းများကို ခန့်ထားခြင်း မရှိကြောင်းနှင့် နိုင်ငံအတွင်း၌ ငွေကြေးဖောင်းပွမှုများ ရှိနေသည့်အတွက် ၎င်းတို့၏လုပ်ခလစာကို ပိုမိုတိုးမြှင့်ပေးရန် တောင်းဆိုလျက်ရှိသည်။

ထို့ပြင် ၎င်းတို့၏ လုပ်ငန်းခွင်ဆောင်ရွက်မှုများသည် ရရှိသည့်အခကြေးငွေပမာဏထက် ပိုမိုကျော်လွန်နေကြောင်းလည်း ၎င်းတို့က ပြောသည်။

လူနာများကို ပြုစုစောင့်ရှောက်ရာတွင် လွန်ခဲ့သည့်နှစ်များကထက် ပိုမိုဘေးကင်းလုံခြုံစွာဖြင့် စောင့်ရှောက်ပေးစေချင်ကြောင်း နယူးယောက်ပြည်နယ် သူနာပြုအသင်းဥက္ကဋ္ဌ Nancy Hagans က ပြောကြားခဲ့သည်။

ယခုအခါ နယူးယောက်ရှိ ဆရာဝန်များသည် ယာယီသူနာပြုများနှင့်အတူ လုပ်ငန်းများ ဆောင်ရွက်နေရသည်။ ယင်းအခြေအနေသည် ရေရှည်တွင် အခက်အခဲများနှင့်ရင်ဆိုင်နိုင်ရဖွယ်ရှိကြောင်း Mount Sinai ဆေးရုံမှ ကလေးအထူးကုဆရာဝန် Matsuura Yusuke က ပြောကြားသည်။

သူနာပြုများ၏ ဆန္ဒထုတ်ဖော်မှုသည် လူနာပြုစုစောင့်ရှောက်ရေးအတွက် အလွန်ထိခိုက်မှုရှိစေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အလားတူ ဗြိတိန်နိုင်ငံ၌လည်း သူနာပြုများသည် ၎င်းတို့၏ ဝန်ထမ်းအင်အားနှင့် ရန်ပုံငွေပြတ်လပ်မှုများအပေါ် ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

လူနာများအား ကောင်းမွန်စွာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် သူနာပြုများကိုလည်း တစ်ဖန်ပြန်ပြီး အလေးထားဂရုစိုက်စေချင်ကြောင်း ၎င်းတို့က ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**




# အမေရိကန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် မျိုးကွဲတစ်မျိုးဖြစ်သည့် XBB.1.5 ကူးစက်ပျံ့နှံ့မှုများ လျင်မြန်စွာမြင့်တက်

**နယူးယောက် ဇန်နဝါရီ ၁၁**

အမေရိကန်နိုင်ငံ၌ ယခုသီတင်းပတ်အတွင်း အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်၏ မျိုးကွဲတစ်မျိုးဖြစ်သည့် XBB.1.5 ကူးစက်ပျံ့နှံ့မှုများ လျင်မြန်စွာမြင့်တက်လျက်ရှိကြောင်းနှင့် နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ၏ ၃၀ ရာခိုင်နှုန်းမှာ အထက်ပါ ဗိုင်းရပ်စ်ကူးစက်ခြင်းဖြစ်ကြောင်း အမေရိကန်ရောဂါပိုးမွှားကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက ပြောကြားသည်။ လက်ရှိအချိန်တွင် အမေရိကန် အနောက်မြောက်ပိုင်း ဒေသများ၌ XBB.1.5 ဗိုင်းရပ်စ်ကူးစက်မှုမှာ ၇၀ ရာခိုင်နှုန်းအထိ ရှိလာကြောင်း ၎င်းစင်တာကပြောကြားသည်။



လက်ရှိအချိန်၌ အာရှဒေသရှိ အချို့နေရာများတွင် XBB.1.5 ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်နေပြီး အဆိုပါဗိုင်းရပ်စ်သည် ရောဂါကူးစက်ရန် လွယ်ကူသဖြင့် တာဝန်ရှိသူများက စိုးရိမ်ကြောင့်ကြလျက်ရှိကြောင်း သိရသည်။ အမေရိကန်နိုင်ငံ၌ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်၏မျိုးကွဲများ ဖြစ်သည့် BQ.1 နှင့် BQ.1.1 ကူးစက်မှုအသစ် ၅၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**ကိုးကား- စီဂျီတီအင်န်**

**ဘာသာပြန်- စိုးသူရ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံက သန့်စင်ပြီး လောင်စာဆီ တန်ချိန်နှစ်သန်းကျော်အား နိုင်ငံအတွင်းသို့ တင်သွင်းဝယ်ယူမည်

**ဒါကာ ဇန်နဝါရီ ၁၁**

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ယခုနှစ်နှစ်ဝက်ကာလအတွင်း ပြည်ပနိုင်ငံများမှ သန့်စင်ပြီးလောင်စာဆီ တန်ချိန်နှစ်သန်းကျော်ကို နိုင်ငံအတွင်းသို့ တင်သွင်းဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ကုန်ပစ္စည်းဝယ်ယူရေးကော်မတီက အထက်ပါ လောင်စာဆီ ဝယ်ယူတင်သွင်းမှုအား ဘဏ္ဍာရေးဝန်ကြီး အေအိပ်ချ်အမ် မူစတာဖာကာမယ်နှင့် အစည်းအဝေးကျင်းပအပြီး ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် လိုအပ်သည့်လောင်စာဆီများအား တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်းနှင့်ယူအေအီးနိုင်ငံများမှ ဝယ်ယူတင်သွင်းသွားမည်ဖြစ်ပြီး အဆိုပါလောင်စာဆီ ဝယ်ယူတင်သွင်းရေးအတွက် တာကာငွေ ၁၈၂ ဒသမ ၁၅ ဘီလီယံ ကျခံသုံးစွဲမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင် ဘင်္ဂလားဒေ့ရှ်ရေနံကော်ပိုရေးရှင်း (BPC) က ပြောကြားသည်။

ထို့ပြင် ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံ နျူမာလီကတ်ရေနံထုတ်လုပ်ရေးကုမ္ပဏီထံမှ ဒီဇယ်ဆီတန်ချိန် ခြောက်သောင်းအား နိုင်ငံအတွင်းသို့ တင်သွင်းရန် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ကုန်ပစ္စည်းဝယ်ယူရေးကော်မတီက ခွင့်ပြုခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိသုဇနဘေးမဲ့ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝါဆိုကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ သစ္စာဂုဏ်ရည်ကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ရတနာပန်းကုံးပရိယတ္တိစာသင်တိုက်နှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ပရိယတ္တိမဥ္ဇူကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မဟာသုဒဿနာရာမကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မြဇေယျုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရေနံချောင်းကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဝိသုတာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ ပဒံပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရတနာဇေယျုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် နမ့်စန်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

အင်းစိန်မြို့နယ်၊ တာချီလိတ်မြို့နယ်နှင့် နမ့်စန်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ကြားဝမ်နှင့် မလှဲ့စန္ဒာတို့အား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက် ညနေ ၅ နာရီခွဲတွင် အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက်ရှိ စားသောက်ဆိုင်အနီးတွင် ကြိုတင်သတင်းရရှိထားသူ မမာလာစိုး၊ မလွင်မာအေး၊ အေးမင်းကိုတို့ သုံးဦးအား တွေ့ရှိပြီး ၎င်းတို့သုံးဦးအား ရှာဖွေစစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ အလားတူ ဇန်နဝါရီ ၁၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဟိုခိုကျေးရွာအနီးရှိ အိုက်ကျန်၏ လယ်တဲနေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့ ထင်ရှူးမြိုင်ကျေးရွာရှိ မလှဲ့စန္ဒာ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ခြံဝင်းအတွင်းရပ်တန့်ထားသည့် ၁၂ ဘီးယာဉ်ပေါ်တွင် ကြားဝမ်နှင့်အတူ အောက်ဆီဂျင်အိုးများဖြင့် ဖုံးအုပ်သိုဝှက်ထားသော ထိန်းချုပ်ဓာတုပစ္စည်း Tartaric Acid ၆၈၇၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၂ နာရီခွဲတွင် မလှဲ့စန္ဒာ ငှားရမ်းနေထိုင်သည့် နမ့်စန်မြို့ ထင်ရှူးမြိုင်ကျေးရွာ ငြိမ်းချမ်းအောင်လမ်းသွယ်ရှိ နေအိမ်အခန်းအတွင်းမှ ဖန်ပေါင်းအိုးအလုံး ၂၀ နှင့် ကြွေကန်တော့ ၁၀ လုံးကိုလည်းကောင်း၊ ထပ်မံစစ်ဆေးပေါ်ပေါက်ချက်အရ ည ၉ နာရီခွဲတွင် မလှဲ့စန္ဒာအား လားရှိုးမြို့ ရပ်ကွက်(၁၂) အဝေရာလမ်းတွင်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (၂၂)ကြိမ်မြောက် ရွှေပညာဒါန(အခမဲ့) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ရွှေပညာဒါန ( အခမဲ့ )ရွှေသင်တန်း အသိပညာပေးသင်တန်းအမှတ်စဉ် (၂၂) ဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်တွင် အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း နာယက ဦးစန်းလွင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက်အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားကာ အသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းတွင်ပို့ချခဲ့သည့် ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌဦးမျိုးမြင့်နှင့် တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်များပေးအပ်ကြသည်။

ရွှေပညာဒါန(အခမဲ့) ရွှေသင်တန်းအသိပညာပေးသင်တန်း အမှတ်စဉ်(၂၂)သို့ သင်တန်းသား သင်တန်းသူ ၆၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်ခဲ့သည်။ သင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက် ရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ သိပ်သည်းဆ၊ ရွှေပန်းထိမ်၊ ရွှေဒင်္ဂါး ငွေဒင်္ဂါး၊ အသုံးချရွှေသင်္ချာ၊ ကျောက်မျက်ပညာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း ပညာရပ်တို့ကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# မာန်အောင်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း မီးလောင်နေသည့် ငါးဖမ်းဝါးလတ်လှေတစ်စင်းအား ကူညီကယ်ဆယ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် မာန်အောင်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် မာန်အောင်မြို့၏ အနောက်ဘက် ရေမိုင် ၂၃ မိုင်ခန့်အကွာ၌ ငါးဖမ်းဝါးလတ် လှေတစ်စင်း မီးလောင်နေကြောင်း သတင်းအရ ယမန်နေ့ ညနေ ၅ နာရီခွဲခန့်တွင် သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ထူးထက်အောင်(၇၂)အမည်ရှိ ငါးဖမ်းဝါးလတ်လှေတစ်စင်း မီးလောင်နေသည်ကို တွေ့ရှိရသဖြင့် ဒေသခံငါးဖမ်းလှေများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး လှေပေါ်ပါ လှေသား ၁၃ ဦးအား စစ်ရေယာဉ်ပေါ်သို့တင်ဆောင်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



အဆိုပါ မီးလောင်နေသည့် ငါးဖမ်းဝါးလတ်လှေမှ လှေသားများအား ယနေ့တွင် သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ရေချိုးတာရေး နည်းလမ်းများ**

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

# ပဲခူးဘူတာမှ ဇင်းကျိုက်ဘူတာသို့ ထွက်ခွာလာသည့် မြန်မာ့မီးရထား ကျောက်ရထားကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့ရှိ ပြည်သူအများ၏ ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုများ အဆင်ပြေစေရေး၊ ပြည်တွင်းထုတ်ကုန်များနှင့် နယ်စပ်ဒေသမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ စီးဆင်းနိုင်ရေး စသည့်ရည်မှန်းချက်တာဝန်များချမှတ်၍ ရထားကွန်ရက်ကြီးတစ်ခုလုံးတွင် အမြန်လူစီးရထားခရီးစဉ် ၁၆ စင်း၊ စာပို့ရထားခရီးစဉ် ၁၂ စင်း၊ လူစီးကုန်တင်ရထားခရီးစဉ်ရှစ်စင်းတို့နှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးရထားခရီးစဉ် အစင်း ၃၀၊ စုစုပေါင်း ရထားခရီးစဉ် ၆၆ စင်းတို့နှင့် ကုန်ရထားခရီးစဉ်များကို နေ့စဉ်စီစဉ်ပြေးဆွဲလျက်ရှိသကဲ့သို့ ရထားလမ်းပိုင်းများကြံ့ခိုင်ရေးနှင့် အဆင့်မြှင့်တင်နိုင်ရေးတို့ အတွက် ကျောက်ရထားများ၊ အင်ဂျင်နီယာရထားခရီးစဉ်များဖြင့်လည်း သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။




**တွဲသုံးတွဲနှင့် ကုန်တွဲတစ်တွဲတို့ လမ်းချော်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ မွန်ပြည်နယ် ဇင်းကျိုက်ဘူတာ၌ ဌာန၏ လမ်းခင်းကျောက်များ သယ်ယူရန် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပဲခူးမှထွက်ခွာလာသည့် ကျောက်တင်တွဲလွတ် ၁၃ တွဲ ချိတ်ဆက်ပါရှိသော အမှတ် ၃၇၅ အဆန် ကျောက်ရထားသည် ပေါင်မြို့နယ် ဇင်းကျိုက်ဘူတာနှင့် ရင်းငြိမ်ဘူတာ အကြား မိုင်တိုင်အမှတ်၊ ၁၄၈/၂၁-၂၄ သို့ ည ၆ နာရီခန့်တွင် ဖြတ်သန်းစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ရထားတွဲဆိုင်းပါ စက်ခေါင်း၊ ကျောက်တင်တွဲ သုံးတွဲနှင့် ကုန်တွဲတစ်တွဲတို့ လမ်းချော်ကျ၍ ရထားလမ်းပိတ်ဆို့မှု ဖြစ်စဉ် ဖြစ်ပွားခဲ့ရာ လမ်းချော်ကျခဲ့သည့် စက်ခေါင်းနှင့် တွဲများအား ပြန်လည်မတင်ပြီး၊ လမ်းပိုင်းပြုပြင်ကာ ယနေ့နံနက်ပိုင်းမှစ၍ ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်သည်။

အဆိုပါ မိုင်းဖြစ်စဉ်ကြောင့် စက်ခေါင်းနှင့်တွဲများ၊ ရထားသံလမ်းများ၊ ကွန်ကရစ်ဇလီဖားတုံးနှင့် လမ်းခင်းကျောက်တို့ ချွတ်ယွင်းပျက်စီးမှုဖြစ်ပေါ်ခဲ့ကာ ရထားလမ်းပိတ်ဆို့မှုကြောင့် လူစီးရထားများဖြင့် လိုက်ပါလာသည့် ခရီးသည် ၁၅၀၀ ကျော်တို့သည် လမ်းခရီး၌ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အလားတူပင် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် မြန်မာ့မီးရထား၏ ပဲခူး-မော်လမြိုင် လမ်းပိုင်းအတွင်း ဇန်နဝါရီ ၂ ရက် ညနေပိုင်းတွင်လည်း မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်ဘူတာမှ ဌာနပိုင်လမ်းခင်းကျောက်များ သယ်ဆောင်ထွက်ခွာလာသည့် အမှတ် ၆၈၇ အစုန် ကျောက်ရထားတွဲဆိုင်းအား သထုံမြို့နယ် ရင်းငြိမ်နှင့် သထုံဘူတာ အကြားတွင် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုပြုလုပ်ခဲ့သောကြောင့် ကျောက်တင်ထားသည့် ရထားတွဲသုံးတွဲ လမ်းချော်ကျမှု ဖြစ်ပွားခဲ့ပြီး ကွန်ကရစ်ဇလီဖားတုံး ၁၁၅ တုံး၊ သံလမ်းငါးပေခန့် ပြတ်ထွက်၍ သံလမ်းခြောက်ချောင်း ပျက်စီးသွားခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူစီးရထားခရီးစဉ်များ ကြန့်ကြာခဲ့ရပြီး ခရီးသည်ပေါင်း ၂၅၀၀ အခက်အခဲကြုံတွေ့ခဲ့ရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထား၏ ရန်ကုန်-ပဲခူး-မော်လမြိုင် လမ်းပိုင်းအတွင်း ရထားလမ်းများ၊ တံတားများအား ရည်ရွယ်ချက်ရှိရှိဖြင့် တံတားမိုင်းခွဲခံရမှုငါးကြိမ်၊ သံလမ်းမိုင်းခွဲခံရမှု သုံးကြိမ်၊ လက်လုပ်မိုင်းပေါက်ကွဲ/တွေ့ရှိမှု ခြောက်ကြိမ် စုစုပေါင်း ၁၄ ကြိမ်နှင့် ဘူတာ/ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းတစ်ကြိမ်တို့ကို ကျူးလွန်ခဲ့ကြသည်။

ထို့အတူ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးအနေဖြင့် ရထားလမ်းနှင့်ရထားဘူတာ နယ်မြေများအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း ၁၀၅ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၃၄ ကြိမ်၊ ဘူတာများအား မီးရှို့ဖျက်ဆီးခြင်း ကိုးကြိမ်တို့ကို ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေး အတွက် အဓိကအားထားနေရသည့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတွင် လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များ ပြေးဆွဲမှုနှောင့်နှေးကြန့်ကြာစေရေး၊ ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်စေရေးအတွက်သာမက ပြည်သူလူထုအတွက် ရထားလမ်းစနစ်ပိုမိုကြံ့ခိုင်တောင့်တင်းလာအောင် စီစဉ်ဆောင်ရွက်နေသည့် ဌာနပိုင်လမ်းခင်းကျောက်သယ်ဆောင်သည့် ရထားခရီးစဉ်များကိုပါ ယုတ်မာရက်စက်စွာ အကြိမ်ကြိမ် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ကျူးလွန်နေကြသည့် PDF အမည်ခံအကြမ်းဖက်သမားများအား ဒေသခံပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာပြီး ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်၌ ခရီးသွားပြည်သူများထံမှ ဖုန်းများနှင့် ငွေများအား အတင်းအဓမ္မ လုယက်ယူဆောင်

**နေပြည်တော် ဇန်နဝါရီ ၁၁**

NUG၊ CRPH အဖွဲ့၏လက်ဝေခံဖြစ်သော PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်နှင့် ကိုယ်ကျိုးစီးပွားတွင် အသုံးပြုရန်အတွက် ပြည်သူလူထုထံမှ အတင်းအဓမ္မ ဆက်ကြေးကောက်ခံခြင်း၊ ခရီးသွားမော်တော်ယာဉ်များအား လက်နက်ကိုင်ဆောင်၍ ခြိမ်းခြောက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

**လုယက်ယူဆောင်**

ထိုသို့အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ကရင်ပြည်နယ် ကော့ကရိတ်မြို့မှ မြဝတီမြို့သို့ ယာဉ်မောင်း ဦးသန့်ဇင်(ဘ) ဦးမြင့်စိန် မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦးသန့်ဇင်ဖြိုးနှင့်အတူ ခရီးသည် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ငါးဦးတို့ လိုက်ပါလာသည့် ရွှေလရောင် မှန်လုံယာဉ် အမှတ်၊ MDY 3I/------- (အပြာရောင်)သည် ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီး ပေါ်ရှိ တံတန်ကူးကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၅၅၀၀ ခန့်အကွာ နေရာသို့ ရောက်ရှိစဉ် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကားလမ်းမ၏ အရှေ့တောင်ဘက်မှ ရောက်ရှိလာကာ မော်တော်ယာဉ်အား ရပ်တန့်စေပြီး ခရီးသည်များထံမှ ဖုန်း ၁၈ လုံးနှင့် ငွေကျပ်သိန်း ၅၀ ခန့်တို့အား လုယက်ယူဆောင်သွားကာ ယာဉ်များသွားလာမှုရပ်တန့်စေရန် မော်တော်ယာဉ်၏ အရှေ့ဘက် မီတာ ၃၀ ခန့်အကွာ အာရှလမ်းမကြီးပေါ်၌ ဒေသန္တ လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ပြီး နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ကားလမ်း၏ အရှေ့တောင်ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**လုံခြုံရေးလုပ်ငန်းများဆောင်ရွက်**

အဆိုပါ မိုင်းဖောက်ခွဲခဲ့မှုကြောင့် ခရီးသည်များနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့တွင် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ မော်တော်ယာဉ်၏ ဘယ်ဘက်လေကာမှန်တံခါး တစ်ချပ် မိုင်းစ ထိမှန်ပျက်စီးခဲ့ပြီး မိုင်းပေါက်ကွဲမှုကြောင့် ကားလမ်းမပေါ်တွင် အကျယ် လေးပေ၊ အနက် တစ်ပေခန့် ချိုင့်ဝင်ပျက်စီးခဲ့သည်။ ဖြစ်စဉ်နေရာ တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ အကြမ်းဖက်လုယက်ခဲ့သည့် ရွှေလရောင်မှန်လုံယာဉ်နှင့် မိုင်းဖောက်ခွဲသည့် အာရှလမ်းသစ်တို့ မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၁**

အကြမ်းဖက် အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော် အနောက်ရပ်ကွက်နေ နေဦးသည် ၎င်းအသုံးပြုသည့် "Nay Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ ထိန်လင်းနိုင်သည် ၎င်းအသုံးပြုသည့် "Htein Lin Naing" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာ ပီဂျီအေတို့ ပူးပေါင်းကျင်းပမည့် လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ၂၇ ရက်အထိ ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Tour Pro၊ Senior Pro နှင့် Teaching Pro ဟူ၍ သုံးမျိုး ကျင်းပမည်ဖြစ်သည်။ လက်ရည်စစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသူ အမျိုးသားကစားသမား များသည် ဝါသနာရှင်အဆင့် (H’Cap 0–12) ရှိရ မည်ဖြစ်ပြီး Senior Professional အတွက်ကိုမူ ပြိုင်ပွဲကျင်းပမည့်နေ့တွင် အသက် ၅၀ ပြည့်ပြီး သူများသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

လက်ရည်စစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြ မည့် ကစားသမားများအနေဖြင့် နှစ်ရက်ပေါင်း ရိုက်ချက် ၁၅၂ ချက်ရရှိပါက Tour Pro အဆင့်၊ ၁၅၈ ချက် ရရှိပါက Teaching Pro အဆင့်နှင့် ၁၆၂ ချက်ရရှိပါက Senior Pro အဆင့်တို့အတွက် လက်ရည်စစ်ပွဲအောင်မြင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပြိုင်ပွဲ များတွင် ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။

လက်ရည်စစ်ပွဲယှဉ်ပြိုင်မည့် ကစားသမားများ သည် ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တွင် ရိုက်ချက် ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ပိုင်းတွင် အခြေခံဂေါက်သီးစည်းမျဉ်းများ ရှင်းလင်း ခြင်းနှင့် ဖြေဆိုခြင်းပြုလုပ်ရမည်ဖြစ်သည်။

အဆိုပါလက်ရည်စစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြ မည့် ဂေါက်သီးရိုက် အားကစားသမားများအနေဖြင့် ပြိုင်ပွဲဝင်ကြေး ကျပ်ခြောက်သောင်း ပေးသွင်း၍ ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားကာ ဦးထွန်းကျော်(ရန်ကုန်) ဖုန်း–၀၉–၅၁၉၃၄၂၃ နှင့် ပြင်ဦးလွင်ဂေါက်ကလပ် ဖုန်း–၀၉–၆၇၆၆၆၀၀၀၃ တို့၌ အမည်စာရင်းများ ပေးသွင်းနိုင်မည်ဖြစ်သည်။ စာရင်းပေးသွင်း၍ ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူ များသည် ဇန်နဝါရီ ၂၅ ရက်တွင် (Official Practice Round) ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုညီလေး**

# စိန်ခေါ်ပွဲထိုးသတ်ရန် အောင်လအန်ဆန် ထိုင်းနိုင်ငံသို့ ရောက်ရှိနေ

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာ MMA ဖိုက်တာ အောင်လ အန်ဆန်သည် မြန်မာစံတော်ချိန် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပမည့် One Fight Night 6 ပြိုင်ပွဲတွင် Catchweight စိန်ခေါ် ပွဲထိုးသတ်ရန် ထိုင်းနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။

**ယှဉ်ပြိုင်ထိုးသတ်မည်**

အောင်လအန်ဆန် သည် ယင်းပြိုင်ပွဲတွင် Catchweight စိန်ခေါ်ပွဲအဖြစ် ဘရာဇီးနိုင်ငံသား ဂယ်လ်ဗိုနှင့် ယှဉ်ပြိုင်ထိုးသတ် မည်ဖြစ်ပြီး အနိုင်ရပါက မစ်ဒယ် ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ပြန်လည်စိန်ခေါ်နိုင်ရန် အခွင့်အရေး ရလာဖွယ်ရှိနေသည်။ အောင်လ အန်ဆန်သည် ပြီးခဲ့သည့်ရက်ပိုင်း က ထိုင်းနိုင်ငံသို့ ရောက်ရှိလာခြင်း ဖြစ်ပြီး အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ အောင်လ အန်ဆန်သည် ယခင်က တရုတ် နိုင်ငံသား ဖန်ယုံနှင့် ထိုးသတ်ရ မည်ဖြစ်သော်လည်း ပြိုင်ဘက် ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ဂယ်လ်ဗို နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ် သည်။ ဂယ်လ်ဗိုသည် ပြိုင်ပွဲများ နှင့် နှစ်အနည်းငယ်ကြာ ဝေးကွာ နေသူဖြစ်သော်လည်း အတွေ့ အကြုံရှိသူ ဖြစ်သောကြောင့် အောင်လအန်ဆန်အတွက် ခက်ခဲ သည့်ပြိုင်ဘက်ဖြစ်လာနိုင်သည်။

One Fight Night 6 ပြိုင်ပွဲတွင် တွဲဆိုင်းကိုးပွဲ ပါဝင်မည်ဖြစ်ပြီး အဓိကတွဲဆိုင်းအဖြစ် ကစ်ဘောင် ဆင်ဖယ်သာဝိတ်တန်း ကမ္ဘာ့ ချန်ပီယံလုပွဲအဖြစ် ထိုင်းနိုင်ငံသား ဆူပါဘွန်နှင့် အဇာဘိုင်ဂျန်/ ဘီလာရုစ်နိုင်ငံသား အယ်လာ ဇော့ဗ်တို့ ယှဉ်ပြိုင်ထိုးသတ် မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အမေရိကန်နှင့် ကနေဒါနိုင်ငံတို့မှ ပရိသတ်များ အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပြီး ယင်းနိုင်ငံများတွင် ဇန်နဝါရီ ၁၃ ရက် ညပိုင်း ကြည့်ရှုနိုင်ရန် မြန်မာစံတော်ချိန် ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲ တွင် ထိုင်းနိုင်ငံ၌ ကျင်းပခြင်း ဖြစ်သည်။

**သတင်း – ကိုညီလေး**



**ဓာတ်ပုံ – ONE Championship**

## မြစ်သားမြို့နယ်ရှိ အခြေခံသမဝါယမအသင်းများမှ အသင်းသားတောင်သူများ စိုက်ပျိုးခဲ့သည့် ကြက်သွန်နီများထွက်ရှိ

**မြစ်သား ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မြစ်သား မြို့နယ်အတွင်းရှိ အခြေခံသမဝါယမ အသင်းများမှ အသင်းသားတောင်သူများ ပိုင်ဆိုင်သော လယ်ယာမြေစိုက်ဧက ၁၀၀၀ ပေါ်တွင် ရွှေဖလား (မြစ်သားမျိုး) ကြက်သွန်နီများကို စိုက်ပျိုးခဲ့ရာ တစ်ဧက အထွက်နှုန်း ကြက်သွန်နီပိဿာချိန် ၁၂၀၀ မှ ၂၀၀၀ အထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၁**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၅ | ၂၁၀၅ | ၂၀၉၀ | ၂၀၇၀ | ၂၁၇၀ | ၂၁၈၅ | ၂၀၇၅ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၂၇၇၅ |
| 95 Ron | ၂၀၉၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၄၅ | ၂၁၂၅ | ၂၂၂၅ | ၂၂၄၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၇၅ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၃၄၅ | ၂၄၆၅ | ၂၄၆၀ | ၂၃၅၀ | ၂၃၆၀ | ၂၃၉၅ | ၂၃၉၅ | ၂၄၀၀ | ၂၆၃၀ | ၃၃၇၅ |
| HSD (50 ppm) | ၂၃၉၀ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၀ | ၂၄၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၅ | ၂၅၄၅ | ၂၅၄၀ | ၂၄၃၀ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၈၀ | ၂၇၁၀ | ၃၄၀၅ |
| HSD (10 ppm) | ၂၃၉၀ | ၂၄၄၀ | ၂၄၃၅ | ၂၄၀၀ | ၂၄၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၅ | ၂၅၄၅ | ၂၅၄၀ | ၂၄၃၀ | ၂၄၄၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၈၀ | ၂၇၁၀ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၃၁ | ၂၀၀၃ |
| 95 Ron | ၁၉၈၄ | ၂၀၅၈ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၇၃ |
| HSD (50 ppm) | ၂၂၇၄ | ၂၃၄၉ |
| HSD (10 ppm) | ၂၂၇၄ | ၂၃၄၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စက်မှုကုန်ချောပစ္စည်းများတင်ပို့

မောင်တော ဇန်နဝါရီ ၁၁



မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို ကုန်စည်စီးဆင်းမှု လမ်းကြောင်းများ အဆင်ပြေချောမွေ့စွာ သွားလာခွင့်ရရှိသည့် ဒီဇင်ဘာလပထမပတ်မှစ၍ စဉ်ဆက်မပြတ် တင်ပို့လျက်ရှိသည်။

ဇန်နဝါရီ ၁ ရက်မှ ၁၀ ရက်အထိ မောင်တော ကုန်သွယ်ရေးစခန်းက တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကွမ်းသီး၊ ထန်းလျက်၊ အုန်းသီး၊ ဧရုတ်သီးခြောက် (အညှာပါ)၊ ငါးမြစ်ချင်း၊ ငါးနီတူခြောက်၊ ငါးကုန်းညိုခြောက်၊ ငါးစုံလေးခြောက်၊ ငါးသလောက်နှင့် စက်မှုကုန်ချောပစ္စည်းများ တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၁၉ ဒေါ်လာသန်း ဖြစ်သည်။

ဇန်နဝါရီ ၁၁ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင်၂၈၀၂ ကျပ်၊ ၁၁၃ တာကာ၊ ကျပ် ၁၀၀ လျှင် ၄ ဒသမ ၀၃ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၈ ကျပ်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မုံရွာမြို့နယ်၌ ကွမ်းစိုက်ပျိုးမှုနှင့် ဈေးကွက်

မုံရွာ ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကွမ်းကို မိမိတို့ အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲစိုက်ပျိုးကြပြီး မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အစိုက်နည်းပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

ကွမ်းပင်များကို ဝါဆိုလ(ဇွန်လ)တွင် စိုက်ပျိုးကြပြီး ကွမ်းပျိုးပင် တစ်ပင်လျှင် ငွေကျပ် ၄၀၀-၅၀၀ ပေးဝယ်ရပြီး တစ်ဧကလျှင် ကွမ်းပင် ၃၀၀၀ ခန့် စိုက်ပျိုးရသည်။ စိုက်ပျိုးပြီး လေးလခန့်အရွယ်တွင် ခူးဆွတ်နိုင်ပြီး အစမ်းခူးသည့်အချိန်တွင် ပိဿာ ၄၅-၅၀ ထွက်ရှိကာ တစ်နှစ်ကျော်လျှင် အထွက်နှုန်း တိုးလာပြီး ပိဿာ ၂၀၀-၂၅၀ အထိ ထွက်ရှိကြောင်း၊ မြေပြုပြင်ခြင်း၊ မျိုး၊ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် လုပ်သားခများအပါအဝင် ကွမ်းအပင်ရေ ၁၀၀၀ ခန့် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ် ၁၅ သိန်းခန့်ကုန်ကျပြီး မြေဆီမြေသြဇာကောင်းမွန်မှုနှင့် ဂရုစိုက်မှုအပေါ်မူတည်၍ ကွမ်းသက်တမ်း သုံးနှစ်မှ ခုနစ်နှစ်အထိ ကြာမြင့်သောကြောင့် အကျိုးအမြတ်အနေဖြင့် ငွေကျပ် သိန်း ၃၀ နှင့်အထက်ရရှိကြောင်း သိရသည်။

မုံရွာမြို့နယ် ကွမ်းဈေးကွက်အနေဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀-၈၀၀၀ ဈေးရရှိပြီး ယခုဇန်နဝါရီလပထမပတ်တွင် အရည်အသွေးအပေါ်မူတည်ပြီး တစ်ပိဿာလျှင် အနိမ့်ဆုံးဈေး ငွေကျပ် ၈၀၀၀ မှ အမြင့်ဆုံးဈေး ငွေကျပ် ၁၀၅၀၀-၁၁၀၀၀ အထိ ရောင်းချရပြီး အရောင်းအဝယ်သွက်ကာ ကွမ်းစိုက်တောင်သူများ အဆင်ပြေနေကြောင်း သိရသည်။ **DOCA (စစ်ကိုင်း)**

## ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ရန်ကုန် ဇန်နဝါရီ ၁၁

မောတောင်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံဘက်နှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ကုန်သွယ်မှု အသာစီးရရှိသည့် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။

မောတောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ သုည ဒသမ ၆၄၆ ဒေါ်လာသန်း၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာသုည ဒသမ ၀၀၅ ဒေါ်လာသန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၅၁ ဒေါ်လာသန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

မောတောင်ကုန်သွယ်ရေးစခန်းမှ အဓိကတင်ပို့နေသော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ငှက်ပျောသီး၊ ဧရုတ်သီး၊ ကွမ်းရွက်နှင့် တံမြက်စည်းတို့ဖြစ်ပြီး အဓိကတင်သွင်းနေသော ကုန်ပစ္စည်းများမှာ ပန်းသီး၊ လိမ္မော်သီးနှင့် ရေငန်းသီးတို့ ဖြစ်သည်။

မောတောင်နယ်စပ်ဒေသ၌ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ နှစ်နိုင်ငံ ငွေပေးချေမှုအနေဖြင့် ဇန်နဝါရီ ၁၁ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၂၀၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၃ ဒသမ ၃၃ ကျပ်ခန့်ရှိကြောင်းနှင့် ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ဘတ်ဈေး အနည်းငယ်မြင့်တက်နေကြောင်း သိရသည်။ **သတင်းစဉ်**

## နှစ်နိုင်ငံအကြား G to G စာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုအခြေအနေ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအစိုးရတို့အကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MoU) ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် အများဆုံး ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ ထိနှင့် ပေါင်းဆန် တန်ချိန် ၅၀၀၀၀ ထိတို့အား တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ အဆိုပါ MoU အရ မြန်မာနိုင်ငံ Myanmar Rice Federation–MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Directorate General of Food တို့မှ ညှော့မထ ၅ ရာခိုင်နှုန်း တန်းမြင့်ဆန် တန်ချိန် ၂၀၀၀၀၀ တင်ပို့ရန် အရောင်းစာချုပ် (Sales Contract) ကို ချုပ်ဆိုခဲ့ပြီး တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်အထိ ဆန်တန်ချိန် ၁၇၄၀၀၀ ကျော်အား တင်ပို့ခဲ့ပြီး တင်ပို့ရန်ကျန်ရှိသော ဆန်များအနက် ဆန်တန်ချိန် ၂၅၀၀၀ ကျော်အား သင်္ဘောတင်ဆဲဖြစ်ကာ ကျန်ရှိသည့်ဆန်များအား သက်မှတ်ကာလ အတွင်းပြည့်မီအောင် ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တင်ပို့မှုအခြေအနေ

ရန်ကုန် ဇန်နဝါရီ ၁၁

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် ဆန်၊ ဆန်ကွဲ၊ မြေပဲဆန်၊ နှမ်းနက်၊ လက်ဖက်ခြောက်၊ ချင်းစိုနှင့် ကြံတို့ကို အဓိကထား တင်ပို့လျက်ရှိသည်။ ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံ၏ ဘိန်းအစားထိုးသီးနှံ ပါမစ် ခွင့်ပြုချက်ဖြင့် ကြံရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် ကြံတင်ပို့မှုများလည်း များပြားလာလျက်ရှိသည်။ ကုန်စည်သယ်ယူစရိတ်အနေဖြင့် မန္တလေးမှ ချင်းရွှေဟော်သို့ ယခုအပတ်တွင် ပို့ကုန်တစ်တန်လျှင် ငွေကျပ် ၇၀၀၀၀ ရှိကြောင်း သိရသည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းများမှာ ညှော့မထဆန် ၃၇၅ ဒေါ်လာနှုန်း၊ ဆန်ကွဲမှာ ၃၅၉-၃၆၆ ဒေါ်လာနှုန်းခန့်၊ ကြံမှာ ၅၀ ဒေါ်လာနှုန်း၊ နှမ်းနက်မှာ ၁၂၂၅ ဒေါ်လာနှုန်း၊ လက်ဖက်ခြောက်မှာ ၂၀၄ ဒေါ်လာနှုန်း၊ မြေပဲဆန်မှာ ၁၃၀၀ ဒေါ်လာနှုန်းနှင့် ချင်းစိုမှာ ၄၀၆ ဒေါ်လာနှုန်းရှိခဲ့ကြောင်း သိရှိရသည်။

သွင်းကုန်အနေဖြင့် ယခုရက်ပိုင်းအတွင်း သံနှင့်သံမဏိပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများကို အများဆုံးတင်သွင်းနိုင်ခဲ့ပြီး မီးဖိုချောင်သုံးပစ္စည်းများ၊ သစ်သီးများ၊ ပလတ်စတစ်လိပ်၊ တိပ်လိပ်၊ ဆေးဝါးပစ္စည်းများ စသည်တို့ကိုလည်း တင်သွင်းနိုင်ခဲ့သည်။ ပြည်သူလူထုအတွက် အဓိကလိုအပ်သောပစ္စည်းများအား အခြားနယ်စပ်စခန်းများနည်းတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း တင်သွင်းဖြည့်ဆည်းလျက်ရှိသည်။

လက်ရှိကာလတွင် ချင်းရွှေဟော်ဒေသ၏ ပြင်ပငွေဈေးနှုန်းအနေဖြင့် ယွမ်ငွေ တစ်ယွမ်လျှင် ၄၀၅ ကျပ်ဝန်းကျင်တွင် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ယင်းမာပင်ခရိုင်၌ မိုးစပါးရိတ်သိမ်းပြီးစီးမှုနှင့် ဈေးကွက်

စစ်ကိုင်း ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးစပါးစိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာလကုန်တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးကြောင်း သိရသည်။ ရောမင်း၊ လုံးသွယ်မွှေးနှင့် မနောသုခစပါးမျိုးများကို စိုက်ပျိုးထားပြီး အထွက်နှုန်းမှာလည်း သင့်တင့်ကောင်းမွန်ကြောင်း သိရသည်။

မြောက်ယမားဆည်ရေသောက်ဒေသများဖြစ်ကြသည့် ညောင်ပင်ကြီးစု၊ ကုက္ကိုစု၊ မင်းကံကြီး၊ အိုင်ရောင်းနှင့် ကျေးနင်းကြီးကျေးရွာများတွင် စပါးဖြစ်ထွန်းမှု ပိုမိုကောင်းမွန်သလို အထွက်နှုန်းနှင့် အရည်အသွေးပါ ကောင်းမွန်ခဲ့ကြောင်း၊ ရောမင်းစပါးမျိုးများကို အဓိကစိုက်ပျိုးကြပြီး အထွက်နှုန်းအနေဖြင့် တစ်ဧက ၇၃ တင်းနှုန်း ပျမ်းမျှထွက်ရှိကြောင်းနှင့် ဈေးကွက်အတွင်း၌လည်း ဝန်ကြီးရောအဖြစ် ဈေးကွက်ရရှိနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒေသတွင်း၌ မိုးစပါးများ လှိုင်လှိုင်ထွက်ရှိနေပြီး စပါး အရောင်းအဝယ်သွက်ကြောင်း၊ မုံရွာမြို့ရှိ ဆန်စက်ကြီးများမှလည်း ဝယ်ယူမှုများရှိနေကြောင်း၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၀ သိန်း၊ လုံးသွယ်မွှေးစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၁၁ ဒသမ ၅ သိန်းနှင့် မနောသုခစပါး တင်း ၁၀၀ လျှင် ငွေကျပ် ကိုးသိန်း စသည်ဖြင့် ပေါက်ဈေးအသီးသီးရှိခဲ့ပြီး ရောမင်းဆန် ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀-၄၈၀၀၀၊ လုံးသွယ်မွှေးဆန် ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀-၄၈၅၀၀ နှင့် မနောသုခဆန် ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀-၄၃၀၀၀ ပေါက်ဈေးရှိကြောင်းနှင့် ဒေသတွင်းနှင့်မုံရွာဈေးကွက်မှ ဝယ်ယူမှုများပြားလျက်ရှိသည့်အတွက် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**



## မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ သကြားဈေးကောင်းရ

မန္တလေး ဇန်နဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်နှင့် အခြားကြံထွက်ရှိရာဒေသများမှ တောင်သူများသည် ကြံများကို သကြားစက်များသို့ တိုက်ရိုက်ရောင်းချကြသော်လည်း အချို့ တောင်သူများမှာ မိမိကိုယ်တိုင် ပွက်သားကိုချက်ပြီး မန္တလေးမြို့သို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

ယခုနှစ်တွင် ကြံများကို စက်ရုံအရောက် တစ်တန်လျှင် ငွေကျပ် ၈၉၀၀၀ ဖြင့်ရောင်းချကြောင်း၊ ကြံနှင့် ကြံထွက်ပစ္စည်းများဖြစ်သည့် ပေါင်းသကြား၊ ပွက်သား၊ ခါသကြား၊ ခါရည်၊ ပေါင်းရည်တို့ကို မန္တလေးသကြားနှင့် သကာရည်အသင်း၏ ပေါက်ဈေးနှုန်းဖြင့် ဝယ်ယူရောင်းချကြကြောင်း သိရသည်။

ယခင်နှစ်ကာလတူတွင် ပွက်သားဈေးနှုန်းမှာ ငွေကျပ် ၁၃၃၀-၁၃၅၀၊ ပေါင်းသကြားဈေးနှုန်းမှာ ငွေကျပ် ၁၅၂၅-၁၅၅၀ ဈေးနှုန်းသာရှိခဲ့ပြီး ယခုနှစ်တွင် ပွက်သားဈေးနှုန်းမှာ ငွေကျပ် ၁၉၀၀-၁၉၂၀၊ ပေါင်းသကြားဈေးနှုန်း ငွေကျပ် ၂၅၀၀-၂၅၅၀၊ ခါသကြားဈေးနှုန်း ငွေကျပ် ၂၁၅၀-၂၂၀၀ ပေါက်ဈေးရှိကြောင်း၊ စိုက်ပျိုးစရိတ်နှင့် သယ်ယူစရိတ်ကြီးမြင့်သော်လည်း မုန့်မျိုးစုံလုပ်ငန်း၊ အအေးမျိုးစုံလုပ်ငန်း၊ အဖျော်ယမကာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာခြင်းနှင့် ပြည်ပနိုင်ငံ (တရုတ်)သို့ တင်ပို့လျက်ရှိခြင်းကြောင့် ပွက်သားအသစ်ပေါ်သော်လည်း သကြားဈေးနှုန်းများမှာ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**DOCA(မန္တလေး)**

ဝတ္ထုတို

# ကြီးကန်း

ခင်ဘုန်းကျော်

ဒိုးလုံးတွင် ဘွားသဲသဲဟုခေါ်ရသော အဘွားတစ်ယောက်ရှိပါသည်။ အမည်ရင်းမှာ ဒေါ်သဲခင်ဖြစ်ပါသည်။ တစ်ဦးတည်းသော မိန်းကလေးဖြစ်၍ ဆွေမျိုးမိသားစုများက သဲသဲလှုပ်ချစ်ကြသလို နီးစပ်သူဆွေမျိုးများကလည်း ကလေးကိုမြင်လိုက်သည်နှင့် "ဟယ်ချစ်စရာလေး ချောလိုက်တာမှုံနေတာပဲ" ဟုပြော၍ အချစ်ပိုကြသည်။

မြေးတွေ၊ မြစ်တွေ ရလာတော့ ကြီးကြီးသဲ ဘွားဘွားသဲ ဖြစ်လာရသည်။ ဘွားသဲသည် ဒိုးလုံးကို မြေးဖြစ်လင့်ကစား သားရင်းတမျှ ချစ်သည်၊ ဒိုးလုံးလေး မွေးလာမှ စပါးအထွက်တိုးသည်။ ခြံပေါက်နွားမတမ်းနှစ်ကောင်မှာ နှစ်ကောင်လုံးကျသည်။ ဒိုးလုံးကိုလည်း သူ့အထုပ်နှင့်သူလာသောမြေးဟု မကြာခဏပြောလေ့ရှိသည်။

ဤနည်းဖြင့် ဒိုးလုံးသည် ဘွားသဲ၏ကိုယ်ရံတော်ဖြစ်လာရသည်။ ကလေးအချင်းချင်းပင် ရောနှောနေရလေ့မရှိပေ၊ စကားမပီတပီမှာပင် ဘုရားရှိခိုးသင်ပေးသည်။ ယဉ်ကျေးသိမ်မွေ့စွာပြောဆိုနေထိုင်တတ်ရန် သင်ပေးသည်။ ငွေကြေးသုံးစွဲခြင်း ဝယ်ခြမ်းစားသောက်သည်များကိုလည်း စည်းကမ်းတကျဖြစ်စေသည်။

ဘွားသဲ၏အရိပ်အောက်တွင် ဒိုးလုံးသည် ကြည်နူးကျေနပ်စွာကြီးပြင်းခဲ့ရသည်။ ယခုဆိုလျှင် ဆယ့်နှစ်နှစ်ပင်ရှိခဲ့ပြီ၊ ဘွားသဲ၏ လက်တိုလက်တောင်းပင်ဖြစ်ခဲ့သည်။ ကွမ်းအစ်တစ်လုံးနှင့် ကွမ်းဝါးနေလေ့ရှိသော ဘွားသဲအတွက် လိုအပ်သမျှအဝယ်တော်ဖြစ်ခဲ့ရသည်။

ကွမ်းသီးညှပ်ပေးခြင်း၊ ကွမ်းယာပေးခြင်းတာဝန်များလည်း မလစ်ဟင်းစေရ၊ အခါရက်များ/ ဥပုသ်ရက်များတွင်လည်း ဒိုးလုံးမပါလျှင်မဖြစ် ဆွမ်းချိုင့်ဆွဲဘုရားပန်းကိုင်၍ ကျောင်းလိုက်ရပြန်သည်။ ကျောင်းမှာ တစ်နေ့လုံးအမှိုက်သိမ်းသန့်ရှင်းရေးလုပ်၊ သောက်ရေသုံးရေဖြည့်ရနှင့် ညနေစောင်းမှ ကျောင်းကပြန်ရသည်၊ ဒိုးလုံးကလည်း အကျင့်ဖြစ်နေပြီး ဘုရားရှိခိုးခြင်းနှင့် အိပ်ရာဝင်ပုံပြင်များသည် ယနေ့တိုင်ရိုးသည်မရှိခဲ့။

"ဘွားဘွား ဒီနှစ်လယ်ထဲမှာငါးတွေ၊ ဖားတွေ ပိုရတယ်လို့ ပြောတယ်"

"ငါ့မြေးတွေ ဟင်းလျာအတွက် မပူရတော့ဘူးပေါ့"

"ဘွားသဲ ငါးတွေရလာတယ်ဗျာ ကဏန်းကောင်ကြီးကြီးတွေလည်း ပါတယ်၊ ဘွားသဲ ဘယ်လိုလုပ်မယ်ဆိုတာပြောဦးလေ"

"ဟဲ့......ငါ့အသက်ကိုလည်းကြည့်ကြဦး၊ အသက်ကြီးမှ ကြီးကန်း မဖြစ်ချင်ဘူး"

"ကြီးမိုက်ပါအဘွားရဲ့"

"မိုက်တာက လိမ္မာအောင်ပြင်လို့ရတယ်၊ ကန်းတာက ဆေးကုလို့ မရဘူး"

"ကန်တော့ကန်တော့နော်အဘွား ဒါဆိုသားတို့ပဲ လုပ်လိုက်မယ်"

ဘွားသဲတူ အုံးထွန်းက ပြောနေခြင်းဖြစ်သည်။ ဘွားသဲသည် စိတ်နှလုံးကောင်းမွန်ပြီး တရားဘက်သို့စိတ်ပါနေသည်မို့ အရာရာကို ဆင်ဆင်ခြင်ခြင်ပြောတတ်လုပ်တတ်လာသည်။

"လာ ဒိုးလုံး အသေးလေးတွေကို ချက်ဖို့ပေးလိုက်၊ အလတ်တွေကို တော့ဆားနယ်ထား အကြီးကောင်တွေ ငါးခြောက်ခွဲမယ်ကွာ"

"ဟုတ်ကဲ့"

သို့နှင့် ငါးခြောက်ခွဲထားသောငါးများကို နေလှန်းရတော့သည်။ အုံးထွန်းကတော့ လယ်ထဲကိုဆင်းသွားသည်။

"ဒိုးလုံးရေ ငါးခြောက်တွေလှန်းထားခဲ့တယ် ကျီးတို့၊ ခွေးတို့ ကြည့်ဦး"

"ဟုတ်ကဲ့"

"ဟိုနေ့ကဘွားဘွားပြောတော့ ကျီးလာရင်လာဘ်ရတယ်ဆို"

"သူ့နေရာနဲ့သူ၊ သူ့အချိန်အခါနဲ့သူပေါ့။ မှတ်လည်းထားဦး။ ရှေ့ဒီမှာ ကျောက်ခဲလေးတွေနဲ့ လေးခွထိအောင်မပစ်နဲ့ ခြောက်ရုံခြောက်ပေါ့"

ထင်းချောင်းတွေစီနေသောဒိုးလုံးမှာ ဘွားသဲပေးသော လေးခွနှင့် ကျောက်ခဲလေးများကိုယူကာ ဘွားသဲစကားများကို စဉ်းစားနေသည်။ တစ်ချက်တစ်ချက် ငါးခြောက်ဇန်းကိုလှမ်းကြည့်ရင်း လေးခွကိုလည်း အသင့်ပြင်ထားလိုက်သည်။

ဒိုးလုံးရှိနေသည့်တိုင် ခွေးတစ်ကောင်က ရောက်လာသည်။ ခဲနှင့်ပေါက်၍ အော်ထုတ်လိုက်ရသည်။ မကြာလိုက် ကျီးကန်း ရောက်လာသည်။ ငါးခြောက်ပြားကိုထိုးတော့ မနိုင်မနင်းဖြစ်နေသည်။ ပြုတ်ကျလိုက်နှုတ်သီးနှင့်ညှပ်၍ ပြန်ကလော်လိုက်နှင့် ပျာယာခတ်နေသည်ကို ဒိုးလုံးသည် ရယ်မောရ၍လေးခွကို ပြင်လိုက်သည်။

လက်မြှောက်လိုက်စဉ်မှာပင် ကျီးမည်းပြေးတော့သည်၊ ဘွားသဲက "ဒီခေတ်ကျီးကန်းတွေ လှလာသလားမသိဘူး၊ မှန်လည်း မကြောက်တော့ဘူး"ဟုပြောသည်။

သားသိပါတယ်ဘွားဘွားဟုပြောပြီး လေးပြင်လိုက်သည်နှင့် ထွက်ပြေးတော့သည်။ ဘွားသဲက အိမ်ပေါ်မှဆင်းလာပြီး

"ဂရုစိုက်ပါသားရယ် လယ်သူရင်းငှားတွေရော၊ အိမ်သားတွေ အတွက်ရော ဟင်းတစ်ခွက်ရတာပေါ့"

ဒိုးလုံးသည် ဘွားသဲ၏စေတနာသဒ္ဓါအားကို ယုံကြည်ပါသော်လည်း ကိုယ်တိုင်ငါးခြောက်စောင့်လှန်းချင်သည်ကိုတော့ မကြိုက်ချင်။

ငှက်ကလေးများနှင့် ခွေးလေခွေးလွင့်များ အဆင်ပြေသလို အစာကျွေးတတ်ပါသောဘွားဘွား၊ လှူတန်းလှူ၊ ပေးကမ်းလှူ ပါသောဘွားဘွား၊ ငါးခြောက်ပြားများကိုကျီးထိုး၊ ခွေးဆွဲမည်စိုးရိမ်သောဘွားဘွား၊ အပေါင်းအနုတ်တွေကို စဉ်းစားပါသော်လည်း အဖြေမရ၊ ကုသိုလ်ဆိုတာ ယူတတ်ရင်ရတာပဲ အကုသိုလ်မှန်းသိရင် ရှောင်ရင်လွတ်တာပဲ၊ သတိရှိနေရင် ဆင်ခြင်တတ်လာတော့သည်။

"ဟဲ့ဟဲ့.....ဒိုးလုံး...ကျီးကန်း......ကျီးကန်း"

"ဟုတ်ကဲ့သားကြီးလာရင် မကန်းရအောင် သတိထားပါ့မယ် ဘွားဘွား"။ ။

# "ပင်း" ခေါ် ဓားညှပ်လွယ်ပလိုင်း အမြဲဆောင်သော ချီချင်းရိုးရာဓလေ့

အမ်းမ်လောင်ရှီ

ချီချင်းလို (ပင်း) ဟု ခေါ်သောဓားညှပ်လွယ်ပလိုင်းသည် ချီချင်း အမျိုးသားတိုင်း ချင်းဓလေ့အရ ကိုယ်နှင့်မကွာဆောင်ထားရသော ရိုးရာအသုံးအဆောင်တစ်မျိုးဖြစ်သည်။ ရှေးအတီတေကာလမှ စ၍ယခုတိုင် စွဲစွဲမြဲမြဲ ကိုယ်နှင့်မကွာဆောင်ထားကြမြဲဖြစ်သော ဓလေ့ဖြစ်သည်။ ဓားညှပ်လွယ်ပလိုင်း မလွယ်ထားလျှင် ယောကျ်ားမပီသဟု ဆိုရလောက်အောင်ပင် ချီချင်းဓလေ့အရ အရေးပါပေသည်။

ပင်း (ဓားညှပ်လွယ်ပလိုင်း) ကို ပြုလုပ်ကြရာတွင် ပွဲနေပွဲထိုင် အခမ်းအနားသုံးအတွက် အကောင်းစားပင်းနှင့် လုပ်ငန်းသုံးအတွက် အကြမ်းစားပင်းဟုနှစ်မျိုးရှိသည်။

အခမ်းအနားသုံး (ပင်း)ကို ကြိမ်အချောစား၊ အကောင်းစားဖြင့်သာ လက်ရာမြောက်ရက်လုပ်ပြီး လုပ်ငန်းသုံး (ပင်း) ကို ကြိမ် သို့မဟုတ် ဝါးဖြင့် ရက်လုပ်ကြသည်။

ပင်း (ဓားညှပ်လွယ်ပလိုင်း) ကို အခင်းပါအောင် လေးထောင့်ကျကျရက်လုပ်ကြသည်။ (ပင်း) ၏ အတိုင်းအတာမှာ ပျမ်းမျှအားဖြင့် အလျား ခြောက်လက်မ၊ အနံ လေးလက်မ၊ အမြင့် ရှစ်လက်မခန့် ရှိသည်။

သစ်သားပြားကို ပင်း၏ကိုယ်ထည်နှင့် ကြိမ်ဖြင့် တွဲစပ်ချည်နှောင်ထားရသည်။ သစ်သားပြား၏အတိုင်းအတာမှာ ပျမ်းမျှအားဖြင့် အမြင့် ရှစ်လက်မ၊ ဖြက် ခြောက်လက်မခန့်ရှိသည်။

ကိုယ်ထည်နှင့် သစ်သားပြားကြားသို့ ရိုးရာဓားကို ထည့်ရသဖြင့် ထိုနေရာသည် ဓားအိမ်သဖွယ်လည်းဖြစ်သည်။ ပင်းတွင် ကြိမ်ဖြင့် ရက်လုပ်ထားသော လွယ်သိုင်းကြိုးလည်းပါဝင်၍ ခြောက်ပေမျှ ရှည်လျားသည်။ လွယ်သိုင်းကြိုးတစ်လျှောက် ကြွေစီထားသည်များ လည်း ရှိသည်။

(မှတ်ချက် ။ ပင်းတွင် သုံးစွဲသူ၏အရပ်အမောင်း၊ အပိန်အဝ ကိုလိုက်၍ အကြီး၊ အလတ်၊ အသေးဟု ကွဲပြားသဖြင့် ယခုဖော်ပြသော အတိုင်းအတာများမှာ ယေဘုယျဟုသာ မှတ်ယူကြပါကုန်။)

ပင်း (ဓားညှပ်လွယ်ပလိုင်း) ၏ အဓိကအစိတ်အပိုင်းတစ်ခုသည် ရိုးရာဓားဖြစ်သည်။ ဓား၏လက်ကိုင်ရိုးကို သစ်အကောင်းစားတစ်မျိုးမျိုးဖြင့် ပြုလုပ်ထားပြီး ဖြူဖွေးတောက်ပသော ခဲမဖြူပြားဖြင့် ကွပ်ထားလေ့ရှိသည်။ ဓားအနှောင့်အလယ်ကောင်တွင် အနီတောက်တောက် ဆေးဆိုးထားသော ဆိတ်မွေးများကို ပန်းဖွားသဖွယ်တပ်ဆင်ထားသည်။

ပင်း (ဓားညှပ်လွယ်ပလိုင်း)ကို လွယ်သိုင်းဝတ်ဆင်ရာတွင် အမျိုးသားများသည် တင်းကျပ်သောစည်းကမ်းတစ်ခုကို လိုက်နာကြရသည်။



"ပင်း" ခေါ် ဓားညှပ်လွယ်ပလိုင်းကို အမြဲတမ်းဆောင်ကာ လွယ်ထားသည့် ချီချင်းအမျိုးသားကြီးနှင့် သူ၏ဇနီး။

လွယ်ကြိုးကို ဘယ်ဘက်ပခုံးတွင်သာတင်၍ ပင်းကို ညာဘက်ပေါင်နားတွင်သာ ထားရ၏။ ပင်းရှိ ရိုးရာဓား၏ပုံစံမှာ ရှင်ဘုရင်များ အသုံးပြုသောသန်လျက်ကို တစ်ဝက်ခြမ်းထားပြီးပုံစံဖြစ်သည်။ သန်လျက်မှာ အသွားနှစ်ဖက်ရှိ၍ ချင်းရိုးရာဓားမှာ အသွားတစ်ဖက်သာရှိသည်။ ထို့ကြောင့် ဆရာဦးကျော်လှိုင်က "မင်းမှာ သန်လျက်၊ ချင်းမှာ အသွား တစ်ဖက်"ဟု မှတ်မှတ်ရရပြောဖူးသည်။

"ပျူမင်းအဆက်အနွယ်မို့ သန်လျက်တစ်ခြမ်းပုံစံသုံးစွဲတာ ဖြစ်နိုင်တယ်"ဟုဆိုခဲ့၏။

ပင်း (ဓားညှပ်လွယ်ပလိုင်း) ကို ရှေးပဝေသဏီကာလမှ ယခုတိုင် အိပ်ချိန်မှလွဲ၍ ကိုယ်နှင့်မကွာ ဆောင်ထားကြရာတွင် တစ်ခုတည်းသော အဓိကအသုံးဝင်မှုမှာ မိမိကိုယ်ကို ကာကွယ်ခုခံနိုင်ရန် ဖြစ်သည်။

တောလမ်းတောင်လမ်း ခရီးကြမ်းတွင်ကျား၊ ဝံ အစရှိသော သားရဲ တိရစ္ဆာန်တို့က ရန်မူတိုက်ခိုက်လာလျှင် ပင်းမှ ဓားကိုထုတ်၍ ခုခံ သတ်ပုတ်ကြရလေ့ရှိသည်။ အခြားလူ ရန်သူတို့ကတိုက်ခိုက်လာလျှင် လည်း ပင်းမှ ဓားကိုထုတ်၍ ပြန်လည်တိုက်ခိုက်ကြလေ့ရှိသည်။ လက်နက်မဲ့တိုက်ခိုက်ခြင်းနှင့် ကွာခြားသည်ကား အမှန်ပင်။

တောလမ်းတောင်လမ်းသွားလာကြရာ၌ ရှေးခေတ်က အဝေး ရန်သူကို လှံ၊ လေး၊ မြားဖြင့် တိုက်ခိုက်ကြပြီး အနီးရန်သူကို ပင်းမှ ဓားဖြင့် တိုက်ခိုက်လေ့ရှိကြသည်။

ပင်းသည် သာမညအားဖြင့် အသုံးဝင်မှုများစွာလည်းရှိသေးသည်။ ပင်းသည် မီးထွက်ကိရိယာထားသိုရာလည်းဖြစ်သည်။ ရှေးခေတ်က ဝါးဆစ်ပိတ်ဘူးတွင် မီးခတ်ကျောက်တုံးနှစ်တုံးနှင့် ဝါဂွမ်းစများကိုထည့်၍ (ပင်း)တွင် အမြဲထားလေ့ရှိသည်။ မီးခတ်ကျောက်တုံးတစ်ခုတွင် ဝါဂွမ်းစများကပ်ထားကာ အခြားကျောက်ဖြင့် ရိုက်ခတ်လိုက်ပါက မီးပွားထွက်လာပြီးဂွမ်းစကို မီးစွဲသဖြင့် မီးမွှေး မီးထွန်းရန် လွယ်သွား၏။

စာရေးသူငယ်စဉ် ၁၉၇၀ ဝန်းကျင်ကပင် ထိုနည်းကိုကျင့်သုံး ကြပါသေး၏။ နောက်ပိုင်းတွင် သစ်သားမီးခြစ်၊ ဂက်စ်မီးခြစ်များသာ ထည့်လာကြ၏။ ဆေးတံ၊ ဆေးလိပ်၊ မီးခြစ်များအပြင် အခြားလိုအပ် ရာရာပစ္စည်းများကိုလည်း ပင်းတွင်ထည့်သွင်းထားလာတတ်ကြ၏။

တောတောင်နှင့် တောင်ယာများတွင်သွားလာကြရာ၌ ချုံနွယ် နှင့် အပင်ကိုင်းအတားအဆီးများတွေ့ရပါက မိမိကိုယ်တွင် အမြဲ ဆောင်ထားသော ပင်းရှိ ဓားကိုထုတ်၍ အလွယ်တကူရှင်းလင်းနိုင် သည်။ တောတောင်၌ ထင်းခွေရာတွင်သာမက အသား၊ ငါး၊ အသီး၊ အရွက်များကို ခုတ်ဖြတ်ရန်အတွက်လည်း သုံးတတ်ကြ၏။

လုံယူး ခေါ် ကျောက်ပြင်ချီ အလှူပွဲကြီးများနှင့် အသုဘအခမ်း အနားများတွင် ချင်းအမျိုးသားများကသာ အားမာန်အပြည့်ဖြင့် ဓားသိုင်းအကကို ကပြကြရလေ့ရှိသည် ။ အမျိုးသမီးများက ဓားသိုင်း အက ကပြခြင်းမပြုရပေ။ ထိုသို့သော ကပြခြင်းများ၌ ပင်းမှာ မရှိ မဖြစ်သော ချပ်ဝတ်တန်ဆာဖြစ်သွားရပေတော့၏။

ချင်းဓလေ့အရ ပင်းကို ကိုယ်နှင့်မကွာဆောင်ထားကြရာ၌ ခေါင်သောက်ပွဲများတွင်မူ မူးယစ်ရန်ဖြစ်ကာ ထိုးခုတ်သတ်ဖြတ်ကြ မည်ကို ကာကွယ်ကြရသည်။

အမျိုးသမီးတစ်ဦးက တာဝန်ခံကာ ခေါင်ပွဲလာအမျိုးသားတို့၏ ပင်းကို အမျိုးသမီးများကသာ ရယူထိန်းသိမ်းကြရသည်။ အမျိုးသား တို့က သိမ်းယူခွင့်မရှိပေ။ ထိုသို့သိမ်းယူသောအခါ ပင်းပိုင်ရှင်တို့က ငြင်းဆန်ကန့်ကွက်ခြင်းမရှိဘဲ အသာတကြည်လိုက်နာပေးအပ်ကြ ရသည်မှာ ယဉ်ကျေးသောချီချင်းတို့၏ဓလေ့တစ်ခုပင်ဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

■

# ရှေးခေတ်ရှမ်းတိုင်းရင်းသားပုံပြင်များ

ပါမောက္ခဒေါက်တာခင်ရီဝင်း

### ဆင်းရဲသားနှင့်သူဌေးသမီး

ရှေးလွန်လေပြီးသောအခါက ရွာတစ်ရွာတွင် သူဌေးသမီးကို လက်ထပ်လိုသည့် ဆင်းရဲသားလူငယ်တစ်ယောက်ရှိသည်။ တစ်နေ့တွင် သူ၏မိခင်အိုကြီးအား အတင်းပူဆာတော့သည်။

“အမေ သူဌေးကြီးသမီးနဲ့ ကျွန်တော်မျိုးကို လက်ထပ်ပေးဖို့ သူဌေးကြီးဆီသွားပြီး ပြောပေးပါနော်၊ ပြောပေးပါနော်”

“လူလေးရယ် အမေတို့က အလွန်ဆင်းရဲတယ်လေ။ သူဌေးသမီးကို တောင်းပေးဖို့ ငွေလည်းမရှိပါဘူးကွယ်။ သူဌေးကြီးကလည်း ဘယ်လိုမှသဘောတူမှာမဟုတ်ပါဘူး”

“အမေတောင်းမပေးနိုင်ရင်တော့ ကျွန်တော်မျိုးကိုယ်တိုင်ပဲ ကြိုးစားမယ်ဗျာ”

ထိုအချိန်ကစပြီး လူငယ်သည် အလုပ်တစ်ခုရရှိရန် ဦးစွာကြိုးစားရာ လှေသူကြီးတစ်ဦးက အလုပ်ခန့်လိုက်လေသည်။ သူတို့နှစ်ဦးသည် လှေကြီးတစ်စင်းဖြင့် အနီးဝန်းကျင်ရှိမြို့များသို့ သွားရောက်ကာ ကုန်ရောင်းကုန်ဝယ်ပြုကြသည်။ လူငယ်၏ကြိုးစားမှုကြောင့် အမြတ်အစွန်းများစွာရလာခဲ့ကြသည်။

ဤသို့ဖြင့် သုံးနှစ်ပြည့်သွားသောအခါ လှေသူကြီးက လူငယ်အား ခေါ်ယူ၍ အလုပ်ရပ်နားတော့မည့်အကြောင်း ပြောလေသည်။

“အလုပ်ရပ်နားတော့မှာဖြစ်လို့ အသင်သွားလိုရာသို့သွားနိုင်တယ်။ ဒါကြောင့် အလိုရှိတာကိုတောင်းခံပါ။ တတ်နိုင်သမျှအကူအညီပေးဖို့ စဉ်းစားထားပါတယ်”

“စကားကြားရတာ ဝမ်းသာလှပါပြီ။ ကျွန်တော်မျိုးဟာ ရွှေငွေပစ္စည်းဥစ္စာတို့ကို မလိုချင်ပါ။ ကျွန်တော်မျိုး အလိုချင်ဆုံးအရာကတော့ ကျွန်တော်မျိုးတို့ အိမ်အနီးမှာရှိတဲ့ သူဌေးကြီးတစ်ဦးရဲ့သမီးကိုသာ လိုချင်ပါတယ်။ ကျွန်တော်မျိုးကို ကူညီမယ်ဆိုပါက ထိုသူဌေးသမီးကိုသာ သွားတောင်းပေးပါ” ဟု ပြောလေသည်။

“သဘောတူပါတယ်။ သဘောတူပါတယ်”

လှေသူကြီးကလည်း ပိုင်ဆိုင်သမျှသောရွှေငွေများကို ယူဆောင်ကာ သူဌေးကြီးထံသွားရောက်လေသည်။

“သူဌေးကြီးရေ … ကျုပ်သားကို သူဌေးကြီးရဲ့သမီးနဲ့ လက်ထပ်ပေးချင်တယ်”

ထိုစကားကို သူဌေးကြီးကလည်းသဘောတူကာ လူငယ်ကို သမီးနှင့်လက်ထပ်ပေးလိုက်လေသည်။ လက်ထပ်ပြီးသောအခါ သူတို့ဇနီးမောင်နှံသည် သီးသန့်ခွဲ၍နေကြသည်။ လက်ထပ်ပြီးချိန်မှစ၍ ထိုလူငယ်သည် မည်သည့်အလုပ်မျှမလုပ်တော့ဘဲ အိမ်၌သာနေလေတော့သည်။



“အလုပ်တစ်ခုခုတော့ လုပ်ပါလား။ ရှင်အလုပ်မလုပ်တာ အတော်ကြာနေပြီနော်” ဟု လူငယ်၏ဇနီးဖြစ်သော သူဌေးသမီးက စိုးရိမ်စိတ်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ထိုအခါ ခင်ပွန်းသည်က သူဌေးကြီးထံသွား၍ ကုန်ရောင်းကုန်ဝယ်ပြုရန် ငွေများကို လှည်းတစ်စီးတိုက်တောင်းယူလေသည်။ သူဌေးကြီးကလည်း ပေးလိုက်သည်။ သူဌေးသမက်သည် ထိုငွေများဖြင့် အကောင်းစားပိုးစများ၊ ကတ္တီပါစများကို ဝယ်ယူသည်။ ထို့နောက် ထိုပစ္စည်းများကို သူဌေးအိမ်များမှ အဝတ်ဟောင်းများ၊ အဝတ်စုတ်များဖြင့် လဲလှယ်ယူသည်။ လူအများကလည်း အဝတ်သစ်များရသဖြင့် အလွန်ပျော်ရွှင်ကြလေသည်။

နောက်ဆုံးတွင် သူ့လက်ထဲ၌ အဝတ်ဟောင်းများသာ ကျန်တော့သည်။ ယောက္ခမသူဌေးကြီးထံမှ ငွေလှည်းတစ်စီးတိုက်ကို ထပ်မံတောင်းခံပြန်သည်။ ယောက္ခမကြီးကလည်း ပေးလိုက်သည်။ ဤအကြိမ်တွင် သူဌေးသမက်သည် အရည်အသွေးအကောင်းဆုံး ထမင်းအိုး၊ ဟင်းအိုးနှင့် ဒယ်အိုးများကိုဝယ်သည်။ ထို့နောက် အခြားမြို့တစ်မြို့သို့သွားရောက်ကာ ထိုမြို့ရှိ ထမင်းဟင်းအိုးဟောင်းများ၊ ဒယ်အိုးဟောင်းများနှင့် လဲလှယ်ယူသည်။

အိုးဟောင်းများကို အိမ်သို့ယူဆောင်လာပြီး ပြန်ရောင်းရာ မည်သူကမျှ မဝယ်ပေ။ ထို့နောက် တတိယအကြိမ်အဖြစ် ယောက္ခမသူဌေးကြီးထံမှ ငွေလှည်းတစ်စီးတိုက်တောင်းခံပြန်သည်။ သူဌေးကြီးကလည်းပေးလိုက်ပြန်သည်။ ယခုအကြိမ်တွင်မူ သူဌေးသမက်သည် ခဲသတ္တုများကို ပိဿာချိန်ဖြင့် ဝယ်ယူသည်။ ထို့နောက် ခဲများကို သဘော်စေ့ခန့် အလုံးလေးများပြုလုပ်၍ အပေါ်မှ ရွှေရောင်ပြားများဖြင့် ကပ်လိုက်သောအခါ ရွှေလုံးအစစ်များနှင့် တူသွားတော့သည်။ ထိုရွှေလုံးလေးများကို အိတ်ဖြင့်ထည့်ကာ လှည်းအစီးနှစ်ဆယ်ဖြင့် တင်၍ ချမ်းသာသောမြို့တစ်မြို့သို့သွားသည်။

ထို့နောက် ထိုရွှေလုံးလေးများကို မြို့သူမြို့သားများထံမှ ငွေစများဖြင့် လဲလှယ်သည်။ ရလာသော ငွေစများလှည်းအစီးနှစ်ဆယ်ဖြင့် တင်ဆောင်ကာ အိမ်သို့ပြန်လာခဲ့သည်။

အိမ်သို့ရောက်လျှင် သူဌေးသမက်သည် ဇနီးသည်အား မိမိတွင်ပါလာသော ငွေစလှည်းနှစ်ဆယ်ကို အပ်နှံသည်။ ယင်းတို့အနက် ယောက္ခမသူဌေးကြီးထံမှ ယူဆောင်ခဲ့သောငွေစလှည်း သုံးစီးစာကို ပြန်လည်ပေးအပ်လိုက်လေသည်။ ကျန်ငွေများကို အိမ်တွင် လုံခြုံစွာ သိမ်းထားလိုက်တော့သည်။

ဇနီးသည်လည်း ခင်ပွန်းသည်၏လုပ်ရပ်အား အလွန်ကျေနပ်နေသည်။ မြို့သူမြို့သားများလည်း အလွန်အံ့သြသွားကြသည်။

“ပထမအကြိမ်မှာ အဝတ်အစားအကောင်းတွေကို အဟောင်းနဲ့လဲတယ်။ ဒုတိယအကြိမ်မှာ အိုးအကောင်းတွေကို အိုးအဟောင်းတွေနဲ့လဲတယ်။ အခုတတိယအကြိမ်မှာတော့ ရွှေစအုပ်ထားတဲ့ ခဲသတ္တုလုံးတွေကို ကျုပ်တို့ရဲ့ငွေတွေနဲ့ လဲယူသွားတာပဲ၊ ကျုပ်တို့ ရှုံးသွားပြီ”ဟု မြို့သူမြို့သားတွေက ပြောဆိုကာ ကျန်ရစ်ခဲ့တော့သတည်း။ ။

Ref: The Poor Man who got married to the daughter of A Rich Man

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

### မြန်မာ့ရိုးရာစကားထာ

ရှေးရှေးတုန်းက မွန်တို့ဌာနေ ရာမညတိုင်းဒေသရှိ ကျေးရွာတစ်ရွာတွင် ဗညားနှင့်လဂွန်းအိမ် အမည်ရှိ သူငယ်ချင်းနှစ်ယောက်ရှိသည်။

သူတို့သည် ဆယ်ကျော်သက်ရွယ်လူငယ်များဖြစ်ပြီး ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားအဖြစ် ပညာသင်ယူလျက်ရှိသည်။ ဗညားနှင့်လဂွန်းအိမ်တို့သည် စည်းကမ်းသေဝပ်ပြီး စာကြိုးစားကြသူများဖြစ်သည်။ သို့သော် အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားကြလေ့ရှိသည်။

“လဂွန်းအိမ်ရေ ကစားဖို့ အချိန်ကျပြီ သူငယ်ချင်းရေ”

“အချိန်ကျရင်လည်း ပဟေဠိဝှက်တမ်း ကစားလိုက်ကြရအောင်”

ဗညား၏စကားကို လဂွန်းအိမ်က ထောက်ခံစကား ပြန်ပြောလိုက်ခြင်းဖြစ်သည်။

“ဒါဆိုရင် ခုပဲစပြီပေါ့ကွာ။ ‘သံသာငှက်ကြီး ရင်ဘတ်တီး၊ အမြီး ခါးလယ်မှာ’ ဆိုတာဘာလဲ။ ဖြေပေတော့ ဗညားရေ”

“သူငယ်ချင်းမေးတဲ့ ဉာဏ်စမ်းပဟေဠိကလည်း တစ်မျိုးပါပဲလား။ မြန်မာစကားထာဉာဏ်စမ်းလို့တော့ထင်တယ်။ ခဏလေးတော့ စဉ်းစားပါရစေဦးကွာ”

ဗညားက လဂွန်းအိမ်ကို ပြန်လည်ပြောလိုက်ပြီး ဉာဏ်စမ်းမေးခွန်းကို အပြန်ပြန်အလှန်လှန်ဖြင့် တီးတိုးရေရွတ်နေသည်။

“အဖြေက အခက်ကြီးမဟုတ်ပါဘူးကွာ။ သူငယ်ချင်း ပြောသလိုပါပဲ .. မေးခွန်းမူရင်းစကားထာက မြန်မာ့ရိုးရာစကားထာတစ်ခုပါပဲ။ သူငယ်ချင်းကို အောက်လိုင်းပေးတာနော်”

ဗညားက ခေါင်းတဆတ်ဆတ်ညိတ်ရင်း အဖြေကို စဉ်းစားလို့ရသွားသည့်ဟန်ဖြင့် ပျော်ရွှင်မြူးထူးစွာဖြင့် လဂွန်းအိမ်ကို ပြန်ပြောလိုက်သည်။

“အဖြေကတော့ ရပါပြီ။ မေးထားတဲ့ ဉာဏ်စမ်းပဟေဠိမေးခွန်းက ‘သံသာငှက်ကြီး ရင်ဘတ်တီး၊ အမြီး ခါးလယ်မှာ’ ဆိုတော့ကာ အဖြေက ‘လင်းကွင်း’ ပဲပေါ့။ မြန်မာ့ရိုးရာစကားထာတွေထဲကပါပဲ”

“မှန်ပါတယ်ဗျာ မှန်ပ့ါ၊ မှန်ပ့ါ”

လဂွန်းအိမ်မှာ ပါးစပ်ကလည်း ပြောရင်း လက်မကလေးကိုလည်း ထောင်ပြနေသည်။

“ဒါဆိုရင် ငါမေးရမယ့်အလှည့်ရောက်ပြီပေ့ါနော်”

“အေးပါကွာ ဗညားရာ မေးမှာသာ မေးစမ်းပါ”

“ကဲ မေးပြီ လဂွန်းအိမ်ရေ။ ‘ကြက်မနှစ်ကောင်၊ ဆောင်းထဲလှောင်၊ နေ့တစ်ကောင်ထွက်၊ ညတစ်ကောင်ထွက်’ ဆိုတာ ဘာကိုပြောတာလဲ။ ဖြေကြည့်လိုက်ပါ သူငယ်ချင်း”

ဗညားမေးလိုက်သည့်ဉာဏ်စမ်းပဟေဠိကြောင့် လဂွန်းအိမ်တစ်ယောက် ခေါင်းကုတ်လိုက်ရင်း မျက်မှောင်လည်း ကြုတ်သွားသည်။ မန်ကျည်းပင်အောက် မြက်ခင်းပြင်တွင် လဲလျောင်းနေရာမှ ထပြီး လမ်းလျှောက်လိုက်၊ ကောင်းကင်ကို မော့ကြည့်လိုက်ဖြင့် ဂနာမငြိမ်ဖြစ်နေကာ အကြံအိုက်နေပုံရသည်။

“သူငယ်ချင်းရယ် ဒီလောက်လည်း မခက်ပါဘူးကွာ။ မင်းကြည့်ရတာ ပင်ပန်းလိုက်တာ။ အပင်ပန်းသိပ်မခံပါနဲ့။ ခက်ခဲနေရင်လည်း ပန်းပေးလိုက်လေ။ အဖြေကတော့ ရှိပြီးသားပါ”

“ရပါတယ် ဗညားရာ၊ မပင်ပန်းပါဘူး။ အဖြေရဲ့ခြေရာနောက်ကို လိုက်မိနေပါပြီ၊ တစ်ခါတည်းပဲ ဖြေလိုက်ပါတော့မယ်။ သူငယ်ချင်းမေးထားတဲ့ မေးခွန်းက ‘ကြက်မနှစ်ကောင်၊ ဆောင်းထဲလှောင်၊ နေ့တစ်ကောင်ထွက်၊ ညတစ်ကောင်ထွက်’ ဆိုတော့ကာ အဖြေက ‘နေနဲ့ လပေ့ါ’ ဒါဆိုရင် အဖြေက မှန်ရောမဟုတ်လား”

“မှန်လိုက်တာ လဂွန်းအိမ်ရာ တော်ပါပေတယ်ကွာ။ ဒီလောက် မြန်မြန်ဖြေနိုင်လိမ့်မယ်လို့ကို မထင်တာ”

ဗညား၏စကားကြောင့် လဂွန်းအိမ်က သဘောတကျရယ်မောလိုက်ပြီး

“အဲဒါ မြန်မာ့ရိုးရာစကားထာဉာဏ်စမ်းတွေထဲကပါပဲ”လို့ ထပ်ပြောလိုက်ရာ ဗညားတစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

“ကဲ ဗညားရေ၊ ငါမေးရမယ့် အလှည့်ပြန်ရောက်သွားပြီ”

“အေးလေကွာ၊ မေးပါ၊ ဖြေဖို့ အဆင်သင့်ပါပဲ သူငယ်ချင်းရာ”

လဂွန်းအိမ်၏စကားကို ဗညားကအလိုက်သင့်ပြန်ပြောလိုက်ခြင်းဖြစ်သည်။

“မေးပြီသူငယ်ချင်းရေ ‘ပန်းဇော်တကို၊ နေ့ညမဆို၊ ဗဟိုရင့်ကျူး၊ နာရီမှူး’ ဆိုတာ ဘာများလဲ”

“အမေးရှိတော့လည်း အဖြေရှိရတော့မှာပေ့ါကွာ။ ဒါလည်း မြန်မာ့ရိုးရာစကားထာတွေထဲကပါပဲလို့ ပထမဆုံးဖြေပေးလိုက်ပါတယ်။ ပဟေဠိအဖြေကိုလည်း တစ်ဆက်တည်းဖြေပေးမှာပါ”

“ဟုတ်ပါပြီတဲ့ဗျာ၊ ဖြေမယ်ဆိုလည်း ဖြေပါတော့ သူငယ်ချင်းရာ”

“ဖြေလိုက်ပါပြီ၊ လဂွန်းအိမ်ရာ။ ဒါနဲ့ သူငယ်ချင်းမေးထားတဲ့မေးခွန်းကဘာတဲ့။ ‘ပန်းဇော်တကို၊ နေ့ညမဆို၊ ဗဟိုရင့်ကျူး၊ နာရီမှူး’လို့ မေးထားတာဆိုတော့ အဖြေက ‘ဗဟိုစည်နှင့် အချိန်မှန်မှန်တွန်တတ်သောကြက်ဖ’ပေ့ါကွာ”

“မှန်ပါတယ်ဗျာ၊ မှန်ပါတယ်”

ထိုစဉ် ဘုန်းကြီးကျောင်းမှ နာရီမောင်းသံနှစ်ချက်ထွက်ပေါ်လာရာ ‘စာအံရန်အချက်ပေး နာရီမောင်းဖြစ်နေ၍ ဗညားနှင့်လဂွန်းအိမ်တို့ ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြလေတော့သည်။ ။

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ **ဦးအုန်းမောင် [စာရေးဆရာ ကဗျာဆရာ မြင်းမူမောင်နိုင်မိုး၊ အမျိုးသားစာပေဆု (၇) ဆုရှင်]**သည် ၂၀၂၁ ခုနှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆုရရှိခဲ့သည့်အပြင်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂၂၁/ ၂၀၂၂ ဖြင့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ချီးမြှင့်သည့် **"အလင်္ကာကျော်စွာဘွဲ့"** ကိုလည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် **ပါမောက္ခဒေါက်တာမြသိန်းဟန်**သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂၂၁/ ၂၀၂၂ ဖြင့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ချီးမြှင့်သည့် **"သိပ္ပကျော်စွာဘွဲ့"** ကိုလည်းကောင်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**
**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ ကံကော်မြိုင်(၃)လမ်းထောင့်၊ မြေကွက်အမှတ် (၉၀၉)၊ (အလျား ၅၀' x အနံ ၆၀')ရှိ ဦးစိန်ထွန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်အေးအေးသန်း [၁၂/ဥကတ(နိုင်)၀၃၅၇၀၃]က အဆက်အစပ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လက်ဝယ်ရှိကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူပါသဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းတို့နှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကြည်သာဦး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၄၈၄/၂၀၂၁)**
**အမှတ်(၂၀၈)(ပထမထပ်)၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – 09–887587889, 09–768211112**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၁၊ မြေကွက်အမှတ် – ၁၉/၇–ခ၊ (၀.၀၄၇) ဧက၊ မြေကွက်တည်နေရာအမှတ် (၃၅)၊ ကင်ပွန်းခြံလမ်း၊ (၁၀) ရပ်ကွက်၊ (ဦးဆိုင်) အမည်ပေါက်၊ B မြေအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် –၅၁၈/၂၀၁၄ (၂၇–၈– ၂၀၁၅) ဖြင့် ဦးထွန်းကြည်၊ ဦးထွန်းစိန်၊ ဒေါ်မွေးလေး၊ ဒေါ်လှလှရီ၊ ဦးစိုးမြင့်သိန်းနှင့် ဦးဆိုင်တို့အား တရားပြိုင်ထားရှိပြီး အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ဦးသိန်းစိုးမှ အနိုင်ရရှိခဲ့ပြီး၊ ဇာရီမှုအမှတ် – ၂၀၃/၂၀၂၂(၂၇–၉–၂၀၂၂) ဖြင့် တရားရုံးကိုယ်စား ဘီလစ်ခန့်စာရရှိသူ ဦးဌေးလွင်မိုး [၁၂/ကမရ (နိုင်) ၀၃၅၈၃၅] က တရားရုံးအမိန့်၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ (၂၈–၉–၂၀၂၂) ရက်စွဲဖြင့် ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


**ရွှေပြည်သာမြို့နယ်**
**(၆၀x၆၀) ပတ်လည်**
**မြေကွက်များဝယ်လိုသည်**
**09-894778790**


## အမည်ပြောင်း

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ရန်မနိုင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) Grade–5 မှ (အဖ) ဦးဇော်မင်းဦး (အမိ) ဒေါ်ခင်မို့မို့တို့၏ သားမောင်မင်းခန့်ကိုအား မောင်မင်းသီဟ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းသီဟ**

## စမ်းချောင်းမြို့နယ်၊ မြေနီ/မြောက်ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၁၂)ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက် အဆောက်အဦ၏ (၃)လွှာ၊ (ခေါင်းရင်းခန်း)၊ ( ၂၀ပေ x ၈၅ပေ)ခန့်ရှိ ရေ၊ မီးအစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဦးလှမြင့်[၁၂/စခန(နိုင်) ၀၅၃၉၁၇]ထံမှ ဦးထင်ဇော်လှိုင် [၇/ပတတ(နိုင်)၀၇၀၈၅၈] + ဒေါ်ရီရီသွင် [၇/ပတတ(နိုင်) ၀၆၉၄၆၆]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan – ဘုန်းမြင့် (ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph:–09–76 777 20 99, 09–7777 97 911, 09–78 98 777 99, 09– 7999 339 39,**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေးရှိ အောက်ဖော်ပြပါဆိုင်ခန်းများမှ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်ပျောက်ဆုံးသွားပါ၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ် လျှောက်ထားမည်ဖြစ်ပါသည်–

| စဉ် | ရုံအမှတ် | ဆိုင်အမှတ် | အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁ | ခ.၃၂ | ၂ | ဦးအဘူခိုင် | [၁၀/မလမ(နိုင်)၁၅၁၉၃၈] |
| ၂ | ခ.၄၀ | ၁၈ | ဦးကျော်ဝင်း | [၁၀/မလမ(နိုင်)၂၀၇၇၁၄] |
| ၃ | ရုံကြီး ၁၆ | ၉ | ဦးကျော်နိုင် | [၁၀/မလမ(နိုင်)၂၀၈၄၂၇] |
| ၄ | ခ.၄၄ | ၂ | ဦးကျော်နိုင် | [၁၀/မလမ(နိုင်)၂၀၈၄၂၇] |
| ၅ | ခ.၃၇ | ၃ | ဦးကျော်မြင့် | [၁၀/မလမ(နိုင်)၂၀၈၄၂၈] |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဆိုင်ခန်းများ၏ မှတ်ပုံတင်စာအုပ်ပျောက်လျှောက်ထားမှုအား ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် (၁၄)ရက်အတွင်း ဈေးတာဝန်ခံရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**Ph: 09–450063717**

## ကြော်ငြာစာ
## [အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၃၀၇(၂)]
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၂
## ကွယ်လွန်သူ ဦးပန်းအေးနှင့် ဦးဘိုးရင်
## ကျန်ရှိသောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

**ဦးကြည်အေး** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ (၁၀၃) လမ်း၊ အမှတ်–၂၁ နေ လျှောက်ထားသူ ဦးကြည်အေးက ၎င်းနေရပ်လိပ်စာတွင် အမြဲနေထိုင်ခဲ့ပြီး လွန်ခဲ့သည့် (၆–၃–၁၉၆၀) ရက်နေ့တွင် ကွယ်လွန်သူ ဦးပန်းအေးနှင့် (၉–၁၀–၁၉၆၅) ရက်နေ့တွင် ကွယ်လွန်သူ ဦးဘိုးရင်တို့၏ တီတော်စပ်သူဖြစ်ကြောင်း၊ အမွေထိန်းလက်မှတ်ရထိုက်ကြောင်း စစ်ဆေးပေါ်ပေါက်၍ (၂၉–၁၁–၂၀၂၂) ရက်နေ့တွင် ဗိုလ်တထောင်ခရိုင်တရားရုံးတော်မှ အမွေထိန်းလက်မှတ်ထုတ်ပေးခဲ့သည်။ လျှောက်ထားသူ ဦးကြည်အေးသည် (၉–၁–၂၀၂၃) ရက်နေ့တွင် ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌ ၎င်းလက်ရှိထိန်းသိမ်းထားသော အမွေထိန်းလက်မှတ်ပါ ပစ္စည်းများအား အမွေဆက်ခံခွင့်အက်ဥပဒေပုဒ်မ– ၃၀၇(၂) အရ စီမံဆောင်ရွက်ခွင့်ပြုပါရန် ရုံးတော်သို့ လျှောက်ထားလာသည်။

၎င်းအမှုအရေးတွင် ရုံးတော်သို့ လာရောက်ကန့်ကွက်ရန် သက်ဆိုင်သည်ဟု ထင်မြင်လျှင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း (၂၀–၁–၂၀၂၃) ရက်နေ့နံနက် (၁၀:၀၀) နာရီတွင် ဤရုံးတော်သို့ လာရောက်ရန် ဆင့်ဆိုလိုက်သည်။ အဆိုပါနေ့ရက်တွင် လာရောက် ရန် ပျက်ကွက်လျှင် တရားရုံးက လျှောက်ထားသူများ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မြ)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ သမိုင်း (၁၂) လမ်း၊ တိုက်အမှတ် (၂၁၅) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၆) ထပ်တိုက် အဆောက်အဦ၏ အခန်းအမှတ် (A)၊ (တတိယထပ်)၊ (၄–လွှာ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ( ၁၁၁/၂' x ၄၄' ) အကျယ်ရှိ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ် ပိုင်ဆိုင်ပြီး၊ အရှုပ်အရှင်းကင်းလျက် လွှဲပြောင်းရောင်းချစီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအုန်းခိုင် [၁၃/တကန(နိုင်) ၁၄၂၅၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်ကိုကိုဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၉၄၇၄)**
**တိုက် (၁)၊ ကွမ်းခြံ (၂) လမ်း၊ (၄) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၆၉၄၆၀၊ ၀၉–၈၆၃၀၂၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ်(၁/က) အကျယ်အဝန်း(၂၀x၆၀)ပေအကျယ်ရှိ ဒေါ်တင်နှင့် ဦးကျော်တို့၏အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ အမည်ပေါက် ဒေါ်တင်ပိုင်ဆိုင်သော ခြေရင်းဘက်ခြမ်းရှိ အကျယ်အဝန်း (၁၀x၆၀)ပေ အကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဂရန်အမည်ပေါက် ဒေါ်တင်၏သားသမီးများထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မော်မော် [၅/မရန(နိုင်)၀၂၂၇၁၀]က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြတ်နန်းအေး [၁၂/သကတ(နိုင်)၀၂၁၁၉၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက် အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝေဝေခိုင် ( LL.B, D.B.L, D.I.L, D.I.P.L, D.M.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၃၂၉)**
**အမှတ်(၃၅/ခ)၊ သခင်ဗဟိန်းလမ်း၊ ၃၀–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၀၃၈၆၁၈၊ ၀၉–၇၈၉၄၈၇၃၂၆**

## စာအုပ်စာပေ လှူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ပီတီတီအီးပီအင်တာနေရှင်နယ်လီမိတက် (ရန်ကုန်ရုံးခွဲ) ရတနာစီမံကိန်းတို့ပူးပေါင်း၍ ဂဟေဆက်သင်တန်းအမှတ်စဉ်(၁၄)အား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်–

| | | |
|---|---|---|
| သင်တန်းဖွင့်လှစ်မည့်ရက် | – | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက် |
| သင်တန်းဖွင့်လှစ်မည့်နေရာ | – | ရတနာဂဟေဆက်နည်းပညာ သင်တန်းကျောင်း (အောင်ဆန်း)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း –၀၁–၆၄၅၇၅၉၊ ၀၉–၇၇၇၃၈၇၃၆၉ |
| သင်တန်းကာလ | – | ရက်သတ္တပတ် (၁၂)ပတ် |

၂။ သင်တန်းသား (၁၅) ဦး လက်ခံသင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည် အခြေခံပညာအလယ်တန်းအောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာနားလည်သူဖြစ်ရမည်။ နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး ဂဟေဆက်လက်တွေ့လုပ်ငန်းအား အမှန်တကယ်လုပ်ကိုင်နိုင်သူဖြစ်ရပါမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရပါမည်။ သင်တန်းတက်ခွင့်ရသောနေ့တွင် အသက်(၁၈) နှစ်ပြည့်ပြီး အသက် (၃၅) နှစ်ထက် မကြီးသူဖြစ်ရပါမည်။ Interview ဖြေဆိုရမည်ဖြစ်ပါသည်။

၄။ တက်ရောက်ခွင့်ရသူများသည်` သင်တန်းကြေး အခမဲ့ဖြစ်ပြီး၊ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း လစဉ်ငွေကျပ် (၃၀၀၀၀)ကို ရတနာစီမံကိန်းမှ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ သင်တန်းသားအတွက် လိုအပ်သောလုပ်ငန်းခွင် ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment) အတွက် ကုန်ကျစရိတ်ထဲမှ ငွေကျပ် (၅၀၀၀၀)ကို ရတနာစီမံကိန်းမှ ထောက်ပံ့ပေးမည်ဖြစ်ပြီး ကျန်ပမာဏကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရမည်ဖြစ်ပါသည်။

၅။ သင်တန်းလျှောက်လွှာများကို ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း (အောင်ဆန်း)တွင် (၁၂–၁–၂၀၂၃)ရက်မှစတင်၍ နံနက် ၉:၃၀ နာရီမှ ညနေ ၄:၀၀နာရီအတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား ပတ်စ်ပို့ဆိုဒ်ရောင်စုံဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်းအတွက် ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ အဆိုပါသင်တန်းကျောင်းတွင် (၂၇–၁–၂၀၂၃)ရက်နေ့ နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ကျမ်းစာသင်ကျောင်းလမ်း၊ တိုက်အမှတ်(၁၀၂၄/E)၊ SWEET BREEZE CONDO၊ (၃)ခန်းတွဲ RC (၈) ထပ်ခွဲ ကွန်ဒို တိုက်ခန်းအဆောက်အဦ၏ (၂)လွှာအခန်း၊ အခန်းအမှတ် (၂–စီ)၊ ဧရိယာ(၁၄၃၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော Maxi Millions Development Co.,Ltd(ကိုယ်စား) ဒါရိုက်တာ ဦးမျိုးဇော်ထက် [၁၂/စခန(နိုင်)၀၅၈၀၀၂] ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးစောဝင်းကျော်သူ [၇/ညလပ(နိုင်)၁၂၉၆၈၆]၊ ဒေါ်ခင်မာအေး [၇/ညလပ(နိုင်)၀၉၆၂၆၂]တို့က အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးစောဝင်းကျော်သူ၊ ဒေါ်ခင်မာအေးတို့၏**

**လွှဲအပ်ညွှန်ကြားချက်အရ– ဒေါ်သူဇာကျော် LL.B, D.B.L, D.I.L, D.I.P.L,**
**WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph–09– 765602290**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ လ ၁၁ ရက်)**

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ခုနှစ် မတ်လ အထိ) အတွက် ၂၀၂၃ခုနှစ် ဧပြီလတွင် စတင်ရောင်းချပေးသွားမည်ဖြစ်ရာ ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် အောက်ဖော်ပြပါအချက်များနှင့်အညီ ဆောင်ရွက်ကြရန်ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (ရန်ကုန်)သို့လည်းကောင်း ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်သူများအနေဖြင့် အောင်ဘာလေထီစာအုပ်များ ဝယ်ယူရောင်းချလိုပါက အောင်ဘာလေသိန်းဆုဌာနခွဲ (မန္တလေးရုံးခွဲ)သို့လည်းကောင်း၊ ပြည်ထောင်စုနယ်မြေအပါအဝင် မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များမှ အောင်ဘာလေထီလက်မှတ်စာအုပ်များ ဝယ်ယူရောင်းချလိုသူများအနေဖြင့် မိမိတို့နေထိုင်ရာမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

(ခ) အောင်ဘာလေထီစာအုပ် ဝယ်ယူရောင်းချရန် လျှောက်ထားသူများသည် ထီလုပ်ငန်း အမှန်တကယ်လုပ်ကိုင်၍ ထီဆိုင်ဖွင့်လှစ်ရောင်းချသူများဖြစ်ရန်လိုအပ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ ထီစာအုပ်ဝယ်ယူရရှိပါက သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမည်ဖြစ်ကြောင်း ကတိခံဝန်ချက်စသည်များကို လျှောက်လွှာနှင့်အတူ ကိုယ်တိုင် တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

(ဂ) ထီလုပ်ငန်းရှင်အဟောင်းများအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ လစဉ် ကျပ် ၁၀၀၀ တန်ထီလက်မှတ်စာအုပ် ဝယ်ယူရောင်းချခဲ့မှုအပေါ် မိမိနေထိုင်ရာ (သို့မဟုတ်) လုပ်ငန်းတည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စဆောင်ရွက်ပြီးကြောင်း ထောက်ခံစာမူရင်း(သို့မဟုတ်) ထီဆိုင်လုပ်ငန်းအတွက် အခွန်ကိစ္စလုံလောက်သောအစီအစဉ်များ ပြုလုပ်ပြီးကြောင်း ထောက်ခံစာမူရင်းကို ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

(ဃ) လျှောက်လွှာများကို သက်ဆိုင်ရာရုံးများသို့ (၁၆-၁-၂၀၂၃) ရက်နေ့မှ (၂၇-၁-၂၀၂၃) ရက်နေ့အတွင်း တင်သွင်းရမည်ဖြစ်ပါသည်။

(င) လစဉ်ဝယ်ယူခွင့်ရရှိထားသော ထီစာအုပ်အရေအတွက်အရ ထီလက်မှတ်(၁၁)စောင်ပါ ထီစာအုပ်တစ်အုပ်လျှင် အာမခံငွေ(Deposit) (၂၀၀)ကျပ်နှုန်းဖြင့် (၃)လစာ အတွက် ကျပ် (၆၀၀) ကို ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။

(စ) ထီစာအုပ် ဝယ်ယူရောင်းချလိုသူများအနေဖြင့် တစ်လလျှင် မိမိရောင်းရမည့် ထီစာအုပ်အရေအတွက်အရ ဘဏ္ဍာနှစ်တစ်နှစ်လုံးအတွက် တာဝန်ယူရောင်းချမည့် ထီစာအုပ်အရေအတွက်ကို ဖော်ပြလျက်မပျက်မကွက် ဝယ်ယူမည်ဖြစ်ကြောင်း သဘောတူကတိစာချုပ် ချုပ်ဆိုရမည် ဖြစ်ပါသည်။

(ဆ) ထီစာအုပ်များဝယ်ယူရောင်းချရန် သဘောတူကတိစာချုပ်ချုပ်ဆိုပြီး စာချုပ်ပါ သဘောတူညီချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ပါက ထီစာအုပ်ဝယ်ယူခွင့် ရုပ်သိမ်းခြင်း၊ အာမခံငွေ(Deposit)များနိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဇ) ဝယ်ယူခွင့်ရရှိသည့် ထီစာအုပ်အရေအတွက်အား အတည်ပြုချက်ရရှိပါက အာမခံငွေ(Deposit) ပေးသွင်းခြင်း၊ သဘောတူကတိစာချုပ်ချုပ်ဆိုခြင်းများကို (၃-၃-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ အပြီးဆောင်ရွက်ရပါမည်။

(ဈ) သတ်မှတ်ထားသည့်အချိန်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်ခဲ့ပါက ထီစာအုပ်ဝယ်ယူခွင့်ရရှိသူစာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။


**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၄-ရပ်ကွက်၊ အရိယမဂ္ဂင်လမ်း၊ အမှတ် (၁၆/က)၊ တတိယထပ် (၄)လွှာ (ယာဘက်ခြမ်း)တိုက်ခန်းအား ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါတိုက်ခန်းအား ဦးရိုလ်ရှမ်း (၁၂/ဒဂရ(နိုင်)၀၀၀၁၀၆)မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ခဲ့သောတိုက်ခန်းဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက ယင်းတိုက်ခန်းအား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားများ ခိုင်လုံစွာဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်ဝင်းထွေး (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၆၅၇)
**ဒေါ်နုသန္တာအောင် (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၆၆၃)
အမှတ် (၅၀)၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09 5163299 Ph : 09 420055510


**ငြင်းချက်ထုတ်ရန်ဆင့်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁**

ဒေါ်နော်သူလေးဖော နှင့် ဒေါ်မြင့်မြင့်အောင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ အမှတ်-(၃၀၃)နေ ဒေါ်မြင့်မြင့်အောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက် (၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**


**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃/က၊ မြင်သာ(၁၁)လမ်း၊ မြေကွက်အမှတ်-၁၈၊ ဧရိယာ ၀.၀၅၀၈ဧက၊ ၂၁၇၈ စတုရန်းပေရှိ ဒေါ်နွဲ့နွဲ့အေး အမည်ပေါက်ပိုင်ဆိုင်သည့် နှစ်(၆၀)ဂရန်မြေကွက်အား မိခင်ကြီး ဒေါ်နွဲ့နွဲ့အေး [၁၂/ဥကတ(နိုင်)၀၀၆၆၆၇]မှ သားအရင်းဖြစ်သူ ဦးမိုးကျော်လွင်[၉/ကဆန(နိုင်)၀၀၀၅၅၂]ကိုင်ဆောင်သူသို့ မေတ္တာဖြင့် အပိုင်ပေးအပ်မည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် လာရောက်ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်နှင်းပွင့်(LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၆၈)**
**အမှတ်(၁၂၇)၊ မာဃလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၂၅၃၂၅၀၃**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ်(၆၁)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် (23-H)၊ မြေကွက်အမှတ် (ပဉ္စမတန်းစား-၆၄)၊ မြေအမျိုးအစား နှစ်(၉၀)မြေငှားဂရန် (သက်ကုန်)၊ အမည်ပေါက် - U Chan Tun, I.W. T.agent Hinzada မြေကွက်အား ဖခင်ဖြစ်သူ ဦးချန်ထွန်းသည် (၂-၇-၁၉၆၅)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်ထွန်းကြည်(ခ)ဒေါ်နုရီသည် (၂၈-၁-၂၀၀၆)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတို့တွင် (၁)ဦးခင်ဇော်ထွန်း၊ (၂)ဦးဌေးဝင်း၊ (၃)ဦးသက်လွင်ထွန်း၊ (၄)ဒေါ်နုနုဝေတို့သား/သမီး(၄)ဦး မွေးဖွားခဲ့ကြောင်း မွေးချင်းမောင်နှမ(၄)ဦးအနက် ဦးသက်လွင်ထွန်း [၁၂/အလန(နိုင်)၀၂၈၈၈၀]သည် (၉-၁၁-၂၀၁၅)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး (၁)ဦးခင်ဇော်ထွန်း [၁၂/အလန(နိုင်)၀၂၈၈၇၉]၊ (၂)ဦးဌေးဝင်း [၁၂/ကမန(နိုင်)၀၁၇၁၇၂]၊ (၃)ဒေါ်နုနုဝေ[၁၄/ဟသတ(နိုင်)၀၅၇၃၁၂]တို့မှ ၎င်းတို့မောင်နှမ(၃)ဦးမှလွဲ၍ ကိတ္တိမသားသမီးအပါအဝင် အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်းနှင့် ၎င်းတို့(၃)ဦးသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း(၂၀-၆-၂၀၂၂)ရက်စွဲပါ ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာအမှတ်-၆/၂၃၀၅/၂၀၂၂ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးချန်ထွန်းသည် အလုံမြို့နယ်တွင် သေဆုံးကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ (၁၆-၅-၂၀၁၉)ရက်နေ့စွဲပါ သေဆုံးမှုလက်မှတ် ပထမမိတ္တူမှန်၊ ဒေါ်ထွန်းကြည်(ခ)ဒေါ်နုရီသည် ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီး၌ သေဆုံးကြောင်း သေဆုံးမှုလက်မှတ်၊ ဦးသက်လွင်ထွန်းသည် သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး၌ သေဆုံးကြောင်း (၂၀-၁၁-၂၀၁၅)ရက်နေ့စွဲပါ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းတို့ကိုတင်ပြ၍ ဦးခင်ဇော်ထွန်း၊ ဦးဌေးဝင်း၊ ဒေါ်နုနုဝေတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ နိုင်းမြစ်လမ်း၊ မြေကွက်အမှတ်(၁၇၇)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးကျော်နိုင် [၁၂/ဥကတ(နိုင်)၀၅၆၆၅၀] အမည်ပေါက် ပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ယခုရောင်းချသူ ဒေါ်ခင်ထွေး[၁၀/ကမရ(နိုင်)၀၁၆၈၅၇]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် မိမိတစ်ဦးတည်းဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ပန်းသန့်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဖြိုး (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ (စဉ်-၄၀၇၁၄)**
**ဖုန်း- ၀၉- ၂၅၀၅၁၆၉၈၀**

**အများသိစေရန်ကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ လူနေရပ်ကွက်အမှတ်( - )၊ မြေကွက်အမှတ်(၁၃၂၂)၊ ဧရိယာ(၀.၀၆၃)ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးရှင်းဖုံ [၆/ပလန(နိုင်)၀၃၃၁၉၄] အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးရှင်းဖုံ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော တရားဝင်ဇနီး ဒေါ်သန်းကြည် [၆/ပလန(နိုင်)၀၂၈၅၀၃]က အမွေဆက်ခံပိုင်ဆိုင်လာပါသည်။ ဒေါ်သန်းကြည်ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၈၁၂/၂၀၂၂)နေ့စွဲ (၂-၉-၂၀၂၂) အရ ပိုင်ဆိုင်လာသူ ဒေါ်မြတ်ခိုင်ဇင်သော် [၁၂/တမန(နိုင်)၁၁၈၂၈၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိန်ရီ (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၃၀၃၆၊ နေ့စွဲ ၂၇-၂-၈၅)**
**အမှတ် (၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း -၀၉-၂၅၀၅၀၃၂၃၈၊ ၀၁-၂၂၃၉၅၆**


**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဝရဇာ (၄) လမ်း၊ တိုက်အမှတ်(၇၂၀/က)၊(၂)ခန်းတွဲ (၃ ၁/၂ /၅) ထပ်တိုက် အဆောက်အဦမှ (မြေညီထပ်- A) တိုက်ခန်း အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းသည် မြေရှင် ဒေါ်မြမြစိန်း [၁၂/ဥကတ(နိုင်)၀၆၀၈၂၁]နှင့် ကန်ထရိုက်တာဦးခင်စိုး(ခ) ဦးနိုစီရာမွတ် (KMW-028189) တို့ အကျိုးတူ ကန်ထရိုက်တိုက် ဆောက်လုပ်ရာမှ ကန်ထရိုက်တာအကျိုးခံစားခွင့်ရရှိခဲ့သော တိုက်ခန်းဖြစ်ပါသည်။ ကန်ထရိုက်တာ၏ သမီးအရင်းတော်စပ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ (၁၇-၇-၂၀၁၄)နေ့စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၃၈၂)ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြင့်မြင့်ခိုင် (DGKN - 055376) [၁၂/သဃက(နိုင်)၂၀၃၀၈၅] ထံမှ ဦးစိုးမြတ်အောင် [၁၃/တယန(နိုင်) ၀၂၇၉၄၇]က (၃၀-၁၁-၂၀၂၂)ရက်တွင် ဝယ်ယူခဲ့ပါသည်။ ယင်းတိုက်ခန်းကို ဝယ်ယူ၍ လက်ရှိ ပိုင်ဆိုင်လျက်ရှိသူ ဦးစိုးမြတ်အောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ရင်ရင်ဝင်း[၁၂/လမန(နိုင်) ၁၁၀၆၆၂]+ ဒေါ်ဟေမာသီ [၁၂/စခန(နိုင်)၀၀၀၀၈၅]တို့ကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ရင်ရင်ဝင်းနှင့် ဒေါ်ဟေမာသီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**(KHIN MAR LAR LAW FIRM)**
**တိုက်(၅)၊ အခန်း (၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊**
**(၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ပျောက်ဆုံးကြောင်း

ဦးထွန်းမြင့်အောင်[၁၂/ဒပန(နိုင်)၀၄၈၀၆၂] C.D.C အမှတ် 86736 ၏ Result Sheet သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:-09-777141966**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုဇေထက်စိုး [၆/ကစန(နိုင်)၁၁၇၇၄၁] ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-263484595**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၉၀)၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၉၀)၊ မင်းရဲကျော်စွာ(၇)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးဟာရှင် (N/OKA-၀၁၂၁၄၈)အမည်ပေါက် နှစ်(၆၀) မြေအား အမည်ပေါက် ဦးဟာရှင် (N/OKA-၀၁၂၁၄၈)သည် (၆-၈-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်ခတီးသည်(၁၆-၂-၂၀၁၉)ရက်နေ့တွင်လည်းကောင်း၊ သားဖြစ်သူ ဦးစန်းဦးသည် (၂၈-၁၂-၂၀၂၁)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် အသီးသီး ကွယ်လွန်သွားပါသဖြင့် ဒေါ်အေးအေးမာ (MYGN-၀၃၀၈၉၁)၊ ဒေါ်ဝင်းဝင်းမာ [၁၂/မရက(နိုင်)၀၀၀၁၉၃]တို့မှ ဖခင် ဦးဟာရှင်နှင့် မိခင် ဒေါ်ခတီးတို့တွင် ဒေါ်အေးအေးမာ၊ ဒေါ်ဝင်းဝင်းမာနှင့် ဦးစန်းဦးတို့(၃)ဦးကို မွေးဖွားခဲ့ကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ အမွေစားအမွေခံသားသမီးမရှိပါကြောင်း၊ မောင်ဖြစ်သူ ဦးစန်းဦးသည်လည်း လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့သဖြင့် ယင်းမြေကွက်အား ၎င်းတို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း၊ အခြားအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကတိသစ္စာပြုလွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ မြေကွက်အမှတ်(၅၃၂/က)၊ ၁၃၃-ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၅၃၂/က)ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား ဒေါ်စိန်တင်(KIN-၁၃၅၀၇၆) အမည်ဖြင့်ရှိသော အကျယ်အဝန်း(အလျား၂၀ ပေ x အနံ၆၀ ပေ) အကျယ်ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြတ်နွယ်ဦး[၅/ဝလန(နိုင်)၁၄၅၉၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကြည်သာထွန်းမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ယင်းအိမ်မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လွင်မာဦး (LL.B)** | **ဒေါ်နော်အိန္ဒြေဖူးသစ်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၁၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၆၇၄)** |

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ဖုန်း-၀၉-၂၅၉၆၈၆၀၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်-၆၇၆/ခ၊ မြေကွက်တည်နေရာအမှတ်(၆၇၆/ခ)၊ ပိတောက်ရွှေဝါလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးကျင်ထွေး[၁၂/ဗဟန(နိုင်)၀၆၄၈၅၀] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဦးကျင်ထွေး(ခင်ပွန်း)ဖြစ်သူ (ကွယ်လွန်)၍ ဇနီးဖြစ်သူ ဒေါ်ရင်ရင်ဝင်း[၁၂/ဗဟန(နိုင်)၀၆၅၇၇၀]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၆၇၆၁/(၁၄-၉-၂၂)ဖြင့် GP ရသူ ဦးသန့်ဇင်မျိုး [၁၄/ဇလန(နိုင်)၁၃၈၁၀၄]မှ ဒေါ်ရင်ရင်ဝင်းမှာ အမည်ပေါက်၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သည်မှာမှန်ကန်ကြောင်း၊ ကျမ်းကျိန်လွှာအမှတ် (၄၃၀/၂၂)(၂၂-၁၁-၂၂)အသိသက်သေ(၂)ဦး၏ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်၊ ပါဝါမရုပ်သိမ်းသေးကြောင်း၊ ကျမ်းကျိန်လွှာအမှတ်(၁၆၈၇/၂၀၂၂)တို့တင်ပြကာ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်သို့ ကွင်းဆင်းစစ်ဆေးရာ(၂)ထပ်သံဖရိန်အဆောက်အဦ ဆောက်လုပ်ဆဲရှိပြီး GP ရသူ ဦးသန့်ဇင်မျိုးမှ သိရှိသဘောတူလက်မှတ်ရေးထိုးပါသဖြင့် (ပိုင်ဆိုင်+အရောင်း) မြေပုံကူး လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ အပိုင်း(၃)၊ ငွေလရောင်လမ်း၊ အမှတ်(၂၅)၊ မြေညီထပ်နေ၊ ဦးသိန်းမောင်[၁၁/အမန(နိုင်)၀၂၈၉၅၁]နှင့် ဒေါ်ခင်မာဝင်း [၁၁/အမန(နိုင်)၀၁၆၇၆၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးသိန်းမောင်၊ ဒေါ်ခင်မာဝင်းတို့၏ သားဖြစ်သူ မောင်စိုးမင်းထက် [၁၁/အမန(နိုင်)၀၉၉၀၆၉]သည် မိဘများ၏ ဆိုဆုံးမစကားကို မနာခံဘဲ၊ မိဘများအား စိတ်ဆင်းရဲစေသော ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သော မည်သည့် ကိစ္စအဝဝကိုမျှ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်- **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစန်းမြင့် (LL.B)** | **ဒေါ်ဇာခြည်ဖြိုး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၉၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၀၆)** |
| **ဖုန်း-၀၉-၂၅၂၄၇၅၄၄၉** | **ဖုန်း-၀၉-၄၂၀၇၈၀၂၆၂** |

**၂၀၅၊ တိုက်-၃၊ ကနောင်အိမ်ရာ၊ ကနောင်မင်းသားကြီးလမ်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၇-ကုန်းဘောင်၊ မြေကွက်အမှတ်-၄၇၊ မြေကွက်တည်နေရာအမှတ်(၄၇)၊ ကုန်းဘောင်လမ်း၊ (၁၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဦးတင်မောင်ကြည်)[၉/မနမ(နိုင်)၀၁၂၃၇၃] နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအား အမည်ပေါက် ဦးတင်မောင်ကြည်(ခင်ပွန်း)သည် (၂၅-၉-၂၀၁၉)ရက်နေ့တွင် ကွယ်လွန်သဖြင့် (ဇနီး)ဖြစ်သူ ဒေါ်အေးအေးမင်း[၁၀/သထန(နိုင်)၀၅၂၀၉၆]မှ နှစ်(၆၀)ဂရန်မူရင်း၊ အမည်ပေါက်(ခင်ပွန်း)ဦးတင်မောင်ကြည်၏ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဖိုလ်တထောင်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အမည်ပေါက် ဦးတင်မောင်ကြည်(မကွယ်လွန်)မီ အခါက ဘဏ်ချေးရန် ကူးယူခဲ့သော မြေပုံမူရင်းမှာပျောက်ဆုံးသွားကြောင်းနှင့် မည်သည့်ဘဏ်များတွင် ချေးငွေချေးယူခဲ့ခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင်တစ်ထပ်သွပ်မိုးပျဉ်ကာ အဆောက်အဦတစ်လုံးရှိပြီး လူမနေထိုင်ဘဲ သော့ပိတ်ထားပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်း လက်မှတ်ရေးထိုးပေး၍ လျှောက်ထားသူမှ နေအိမ်အား သော့ဖွင့်ပြပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အေးအေးမင်း၏ ပိုင်ဆိုင်၊ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅(သမိုင်း)၊ မြေကွက်အမှတ် ၁/ခ-၁၇၈A၊ ဧရိယာ(၀.၁၄၃)ဧက၊ မြေကွက်တည်နေရာအမှတ်-၃၇၂/က၊ ရွှေနှင်းဆီလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်ခင်မျိုးသစ် [၁၄/ပသရ(နိုင်)၀၂၅၁၀၈]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေအား အမည်ပေါက် ဒေါ်ခင်မျိုးသစ်သည် (၁၆-၇-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ခင်ပွန်းဖြစ်သူ ဦးထွန်းလှ [၁၄/ပသရ(နိုင်)၀၂၅၁၀၇]မှ ဒေါ်ခင်မျိုးသစ်တွင် တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်သူ ဦးထွန်းလှသာလျှင် ကျန်ရှိခဲ့ပြီး အခြားသော ခင်ပွန်း/ယောကျ်ား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေစာရင်း၊ သန်းခေါင်စာရင်း နှစ်(၆၀) မြေငှားဂရန်တို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန် ကြေညာချက်"

မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်အလယ်ပိုင်း၊ စိန်ပဒေသာလမ်းနေ ဦးသန်းအောင် [၁၂/မရက(နိုင်) ၁၀၃၄၂၈]၏လွှဲအပ်ချက်အရ-

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းအောင် ပိုင်ဆိုင်သော မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်အလယ်ပိုင်း၊ စိန်ပဒေသာလမ်းရှိ (၂၄x၆၄)ပေ မြေကွက်နှင့် တစ်ထပ်တိုက်တစ်လုံး၊ (၂၀x၆၃)ပေ မြေကွက်နှင့် နှစ်ထပ်တိုက်တစ်လုံးတို့ကို (၁၂-၈-၂၀၂၁)ရက်စွဲပါ မိသားစု စီမံမှုစာချုပ်အား ပယ်ဖျက်ကြောင်း ကြေညာပြီးဖြစ်သောကြောင့် ဖော်ပြပါ မြေကွက်နှင့်တိုက်၊ မော်တော်ကား(၂)စီးတို့အား ဦးသန်းအောင်၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူမှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ ငှားရမ်း၊ လွှဲဒါန်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသန်းအောင်** | **ဒေါ်နန္ဒာမြင့်(စဉ်-၁၃၉၁၅)** |
| | **တရားလွှတ်တော်ရှေ့နေ** |

**အခန်း(၃)၊ နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းတရားရုံးရှေ့၊**
**ဖုန်း-၀၉-၄၂၀၇၀၆၉၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သိန္နီလမ်း၊ အမှတ်(၉)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ် အဆောက်အဦးမှ တတိယထပ်၊ (၄)လွှာ၊ (ဝဲ)ဘက်၊ (ခေါင်းရင်းခန်း)၊ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ လူနေထိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နန္ဒဝေ (ဘ) ဦးသီ (၁၂/ကမတ(နိုင်) ၀၁၃၄၉၇)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၁၀-၁-၂၀၂၃)ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီး၊ ဖြစ်ပါသည်၊ အရောင်းအဝယ်ကို အပြီးသတ် ငွေချေပြီး ဆက်လက် ဆောင်ရွက်မည် ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ရို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၂/ ကံဘဲ့၊ မြေကွက်အမှတ်-၇/က-၂+၇/ခ+၂၊ ဧရိယာ(၁.၁၃၈)ဧက အကျယ်အဝန်းရှိ အမှတ်-၁၉၊ ကန်ရိပ်သာလမ်း၊ ၁၀/ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေပိုင်မြေ လ/န-၃(ခ) နှင့်ပတ်သက်၍ အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၂/ကံဘဲ့၊ မြေကွက်အမှတ်-၇/က-၂+၇/ခ+၂၊ ဧရိယာ(၁.၁၃၈)ဧက အကျယ်အဝန်းရှိ အမှတ်-၁၉၊ ကန်ရိပ်သာလမ်း၊ ၁၀/ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် မြေပိုင်မြေ လ/န-၃(ခ) မြေကွက်အပါဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးကိုကိုလေး၊ ဦးမောင်မောင်၊ ဒေါ်ခင်ဝါဝါ(ခ)မတူး၊ ဒေါ်မီမီစိန်(ခ) မဖြူဖြူတို့(၄)ဦးမှ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ရွှေ [၁၂/ကတန(နိုင်)၀၇၃၁၅၅]သည် (ဦးကိုကိုလေး)၏ ဇနီးသည် တစ်ဦးဖြစ်ပါသည်။ (ဦးကိုကိုလေး)သည်(၂၀-၁၂-၂၀၁၄)ရက်နေ့တွင် ဒေါ်မြင့်မြင့်ရွှေနှင့် ပေါင်းသင်းနေထိုင်စဉ် ကွယ်လွန်ခဲ့ပါသည်။ (ဦးကိုကိုလေး)+ဒေါ်မြင့်မြင့်ရွှေတို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများ ဖြစ်ကြပါသည်။ (ဦးကိုကိုလေး) ကွယ်လွန်ချိန်တွင် (ဦးကိုကိုလေး)၏ ပိုင်ဆိုင်မှုအစုများအပေါ် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဒေါ်မြင့်မြင့်ရွှေသည်လည်း ဇနီးသည်တစ်ဦးဖြစ်သောကြောင့် ဆက်ခံပိုင်ဆိုင်ခွင့်ရှိပါသည်။

အထက်ဖော်ပြပါ မြေကွက်အပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ်မှ (ဦးကိုကိုလေး)၏ ပိုင်ဆိုင်မှုအစုအား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ရွှေ၏ တရားဝင်သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူလျှောက်ထားခြင်း၊ မြေကွက်အမည်ပြောင်း လျှောက်ထားခြင်း၊ အခြားတစ်နည်းနည်းနှင့် အလွှဲအပြောင်းပြုခြင်းတို့ လုံးဝမပြုပါရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်သူရ(မြောင်းမြ)** | **ဦးဇေယျာထွန်း(LL.B)** |
| **(LL.B,A.G.T.I(EP),D.B.L,D.M.L)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)** | |
| **ဒေါ်ချယ်ရီလှိုင်(LL.B)** | **ဦးစိုးလွင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊**
**၀၉-၄၂၅၂၈၇၁၃၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## သာကေတမြို့နယ်တရားရုံးတော်

## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်(၅၆)

| | | |
|---|---|---|
